# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက် | ၂၀၂၄ ခုနှစ်၊ မတ် ၃၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၈၃)


### ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ – ၂၉၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဥ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။


၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဥ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။


**ယနေ့ ဖတ် စ ရာ**

**အထူးအစီအစဥ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်ပေးမည့် တက္ကသိုလ်ဝင်စာမေးပွဲ စစ်မေးမည့် အချိန်စာရင်းနှင့် စာစစ်ဌာနများစာရင်း သတ်မှတ်ကြေညာခြင်း**

ပြည်တွင်းသတင်း | စာ ၂




**ကျွမ်းကျင်မှုများ ပေါင်းစပ်အသုံးချခြင်း**

ဆောင်းပါး | စာ ၆

**ဟားမားစ်နှင့် ဆွေးနွေးမှုများ ပြန်လည်စတင်ရန် အစ္စရေးအတည်ပြု**

နိုင်ငံတကာသတင်း | စာ ၁၃



**ကျေးလက်လမ်းလည်း စွမ်းပါသည်**

ဆောင်းပါး | စာ ၂၀




# ရက်အရှည်ကြာဆုံးသော ဘုရားပွဲတော်တစ်ခုဖြစ်သည့် မန်းရွှေစက်တော်ဘုရားပွဲတော်သို့ ယနေ့အထိ ဘုရားဖူးပြည်သူနှစ်သိန်းခွဲခန့်လာရောက်

မင်းဘူး မတ် ၃၀

**မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီးတွင် ဘုရားပွဲတော်စတင်ကျင်းပသည့် တပို့တွဲလဆန်း ၅ ရက်မှစ၍ ယနေ့ (မတ် ၃၀ ရက်)အထိ ဘုရားဖူးခရီးသွားပြည်သူပေါင်း နှစ်သိန်းခွဲခန့်လာရောက်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။**

မန်းရွှေစက်တော်ဘုရားကြီးသည် မြန်မာနိုင်ငံ၏ (က)အဆင့်စာရင်းဝင် တန်ခိုးကြီးဘုရားဖြစ်သည်နှင့်အညီ ထင်ရှားကျော်ကြားကာ ရက်အရှည်ကြာဆုံးသော ဘုရားပွဲတော်တစ်ခုဖြစ်ပြီး ယခုနှစ် မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ ရက်ပေါင်း ၆၄ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လျက်ရှိသည်။



ဘုရားဖူးလာပြည်သူများ မန်းချောင်းအတွင်း ရေချိုးအပန်းဖြေနေကြစဥ်။

ဘုရားပွဲတော် ကျင်းပစဥ်ကာလတစ်လျှောက် တပေါင်းလပြည့်နေ့သည် နှစ်စဥ်နှစ်တိုင်း အစည်ကားဆုံးဖြစ်ကာ ယခုနှစ် တပေါင်းလပြည့်နေ့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်လည်ပတ်ကြသူများဖြင့် ကြိတ်ကြိတ်တိုး အထူးစည်ကားခဲ့ကြောင်း မန်းရွှေစက်တော် ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖

# ပြည်သူ့စွမ်းအားဖြင့် ပူးပေါင်းပါဝင်

နိုင်ငံရေး မကျေလည်မှုများကို အကြောင်းပြု၍ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်တွင်းရှိ ဒေသအများအပြားတို့တွင် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ ပျက်ပြားနေချိန်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူများမှာ ပုံမှန်အခြေအနေအတိုင်း အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်ခဲ့ကြသည်။ ဒေသနယ်နိမိတ်ချင်း ထိတွေ့ဆက်စပ်နေသည့် ကယားပြည်နယ်တွင် KNPP၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်များ လှုပ်ရှားထကြွကြပြီး မြို့ရွာများအတွင်း၌ပါ မတည်မငြိမ်ဖြစ်ပေါ်လာခြင်း၊ တိုက်ပွဲများ ဖြစ်ပွားလာခြင်းတို့ကြောင့် ကယားပြည်နယ်မှ ယာယီတိုက်ပွဲရှောင်ကြသည့် ပြည်သူများမှာ ပအိုဝ်းဒေသဘက်သို့လည်း ရောက်ရှိခဲ့ကြသည်။

ကယားပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်မြင့်လျက်ရှိစဉ် ပအိုဝ်းဒေသတွင် တည်တည်ငြိမ်ငြိမ်၊ အေးအေးချမ်းချမ်း ရှိနေခဲ့သည့်အပေါ် အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏မီဒီယာများက နည်းမျိုးစုံဖြင့် သွေးထိုးလှုံ့ဆော်ခြင်း၊ ပအိုဝ်းဒေသအတွင်း တိုက်ခိုက်မှုများ ဖြစ်ပေါ်လာအောင် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းခြင်းတို့ ပြုလုပ်ခဲ့ကြသည်ကို ထိုစဉ်က အွန်လိုင်းစာမျက်နှာများတွင် နေ့စဉ်လိုလို တွေ့မြင်ကြရသည်။ သို့ရာတွင် ပအိုဝ်းဒေသနှင့် ဒေသခံတိုင်းရင်းသားပြည်သူတို့မှာ ဒေသတည်ငြိမ်အေးချမ်းမှုကို မပျက်ပြားအောင် ဆက်လက်ထိန်းသိမ်းလျက် ကယားပြည်နယ်ဘက်မှ ခေတ္တတိမ်းရှောင်လာသူများကို မေတ္တာ၊ ကရုဏာအပြည့်ဖြင့် နွေးထွေးစွာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည့်အကူအညီများကိုလည်း ပေးခဲ့ကြသည်။

သို့သော်လည်း ပအိုဝ်းအဖြစ် အမည်ခံထားပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) တွင် ပါဝင်လက်မှတ် ရေးထိုးထားသည့် PNLO မှာမူ စာချုပ်အပေါ်တွင်ရော၊ ဒေသခံတိုင်းရင်းသားပြည်သူလူထုအပေါ်တွင်ပါ ဖောက်ဖျက်မှုများကျူးလွန်လျက် NUG၊ KNPP၊ KNDF၊ KPDF တို့နှင့် အပေါင်းအဖက်ပြုလုပ်ကာ လက်နက်မှောင်ခိုကုန်သွယ်မှုများ ပြုလုပ်ခဲ့သလိုဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ပအိုဝ်းဒေသအတွင်း တိုက်ခိုက်မှုများ စတင်ပြုလုပ်လာခဲ့သည်။ အဆိုးဆုံးမှာ ပအိုဝ်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအဖြစ် အမည်ခံထားလျက်နှင့် ဒေသခံပအိုဝ်းတိုင်းရင်းသားပြည်သူများအပေါ် လက်နက်အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ ကျေးရွာများကို အကြိမ်ကြိမ်မီးရှို့ခြင်း၊ ပြည်သူများ ပိုင်ဆိုင်သည့်ပစ္စည်းများကို အတင်းအဓမ္မလုယက်ယူဆောင်ခြင်း စသည့်အကြမ်းဖက်အဖျက် အမှောင့်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ ယင်းသို့ ပြုလုပ်ခြင်း၏ အကြောင်းရင်းမှာ PNLO ၏ လက်နက်မှောင်ခိုမှုတွင် ဒေသခံပအိုဝ်းတိုင်းရင်းသားပြည်သူတို့က သတင်းပေးခြင်းကြောင့် ဖမ်းဆီးခံရခြင်းဖြစ်သည်ဟု ထင်မြင်မှုဖြင့် စွပ်စွဲကာ ကိုယ့်လူမျိုးအပေါ် ပြန်လည်အကြမ်းဖက်မှု ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ဒေသခံမဟုတ်သည့် အကြမ်းဖက်သောင်းကျန်းသူများနှင့် ပူးပေါင်းခဲ့သည့် PNLO သည် ဒေသတွင် အကြမ်းဖက်အဖျက်လုပ်ရပ်များစွာကို ပြုလုပ်ခဲ့သည်။ ဒေသ၏ တည်ငြိမ်အေးချမ်းမှုကို ပျက်စီးစေကာ ဒေသခံပြည်သူများ အကြောက်တရားဖြစ်ပေါ်စေရန်လည်း လက်နက်အားကိုးဖြင့် ခြိမ်းခြောက်ခဲ့သည်။ တည်ဆောက်မှုအပြုလုပ်ရပ်တို့ တစ်ခုမှမလုပ်နိုင်သော်လည်း ဖျက်ဆီးမှုများကိုမူ မြင်မကောင်းအောင် ပြုလုပ်ခဲ့သည်။ ၎င်းတို့၏ စာနာမှုကင်းမဲ့သော အကြမ်းဖက်အဖျက်လုပ်ရပ်များအပေါ် သည်းမခံနိုင်တော့သည့်အဆုံး ပအိုဝ်းတိုင်းရင်းသားပြည်သူများသည် တပ်မတော်၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလက်တွဲကာ ပါဝင်တိုက်ခိုက်လာခဲ့ကြသည်။ ဆီဆိုင်မြို့ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပအိုဝ်းတိုင်းရင်းသားများ ရွာလုံးကျွတ်နီးပါးအင်အားစုစည်း ပါဝင်ခဲ့ကြခြင်းဖြစ်သည့်အတွက် ဆီဆိုင်မြို့ကို အကြမ်းဖက်သောင်းကျန်းသူများလက်မှ အမြန်ဆုံးပြန်လည်ရယူနိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေး ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်သည် နိုင်ငံတစ်ဝန်းရှိ ကျန်ဒေသများအတွက်လည်း စံနမူနာပင်ဖြစ်သည်။ အကြမ်းဖက်ခြိမ်းခြောက်မှုများ၏အောက်တွင် စိုးရိမ်ထိတ်လန့်စွာဖြင့် ကျီးလန့်စာစား နေထိုင်ကြမည့်အစား ပြည်သူများ၏ ညီညွတ်မှုစွမ်းအားနှင့် တပ်မတော်၊ ရဲတပ်ဖွဲ့၊ ပြည်သူ့စစ်တို့ ပူးပေါင်းခြင်းဖြင့် အကြမ်းဖက်သောင်းကျန်းသူများကို အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်သည့် လက်တွေ့သာဓကပင်ဖြစ်ရာ မိမိတို့နေထိုင်ရာဒေသများ အမြန်ဆုံး ပြန်လည်တည်ငြိမ်အေးချမ်းရေး၊ ပုံမှန်လူနေမှုဘဝများ ပြန်လည်ရရှိရေး၊ စိုးရိမ်ထိတ်လန့်မှု အကြောက်တရားများမှ ကင်းဝေးနိုင်ရေးတို့အတွက် အကြမ်းဖက်သောင်းကျန်းသူများ ချေမှုန်းတိုက်ခိုက်ရေးတွင် ပြည်သူလူထုတစ်ရပ်လုံး၏ ညီညွတ်စည်းလုံးစွာ ပူးပေါင်းပါဝင်ကြရပါမည့်အကြောင်း။ ။



# အစိုးရဓမ္မာစရိယစာမေးပွဲ (တတိယနေ့)ကျင်းပ

**နေပြည်တော် မတ် ၃၀**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (တတိယနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၇ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၃၆၈၆ ပါး/ဦးအနက် ၁၁၀၆၀ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၀ ဒသမ ၈၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်ပေးမည့် တက္ကသိုလ်ဝင်စာမေးပွဲ စစ်မေးမည့်အချိန်စာရင်းနှင့် စာစစ်ဌာနများစာရင်း သတ်မှတ်ကြေညာခြင်း

၁။ ကျင်းပပြီးစီးခဲ့သည့် ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား၊ ကျောင်းသူများအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုနှင့် သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများသို့ ကျောင်းသား၊ ကျောင်းသူများအား စုစည်းခေါ်ယူ၍ စာမေးပွဲဖြေဆိုစေမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ အထူးအစီအစဉ် တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်မည့် တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်းနှင့် စာစစ်ဌာနများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

**စာမေးပွဲ အချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာရပ် |
|---|---|---|
| ၁ | ၂ | ၃ |
| ၂၉-၄-၂၀၂၄ တနင်္လာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | မြန်မာစာ |
| ၃၀-၄-၂၀၂၄ အင်္ဂါနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | အင်္ဂလိပ်စာ |
| ၂-၅-၂၀၂၄ ကြာသပတေးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | သင်္ချာ |
| ၃-၅-၂၀၂၄ သောကြာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ဓာတုဗေဒ/ ပထဝီဝင် |
| ၄-၅-၂၀၂၄ စနေနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ရူပဗေဒ/ သမိုင်း |
| ၆-၅-၂၀၂၄ တနင်္လာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ဇီဝဗေဒ/ ဘောဂဗေဒ |

**စာမေးပွဲကျင်းပမည့် စာစစ်ဌာနများ**

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | မြို့နယ် | စာစစ်ဌာန |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | မြစ်ကြီးနား | အထက(၉) မြစ်ကြီးနား |
| ၂ | ကရင်ပြည်နယ် | ဘားအံ | အထက(၂) ဘားအံ |
| ၃ | ချင်းပြည်နယ် | မတူပီ | အထက(၂) မတူပီ |
| ၄ | စစ်ကိုင်းတိုင်း ဒေသကြီး | မုံရွာ | အထက(၂) မုံရွာ |
| ၅ | တနင်္သာရီတိုင်း ဒေသကြီး | ထားဝယ် | အထက(၁)ထားဝယ် |
| ၆ | နေပြည်တော် | ဇမ္ဗူသီရိ | အထက(၁၄) |
| ၇ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | အထက(၁)တောင်ငူ |
| ၈ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | အထက(၅)ပြည် |
| ၉ | မကွေးတိုင်းဒေသကြီး | မကွေး | အထက(၃)မကွေး |
| ၁၀ | မန္တလေးတိုင်း ဒေသကြီး | အောင်မြေသာစံ | အထက(၈) အောင်မြေသာစံ |
| | | ပြင်ဦးလွင် | အထက(၂)ပြင်ဦးလွင် |
| | | မိတ္ထီလာ | အထက(၁)မိတ္ထီလာ |
| ၁၁ | မွန်ပြည်နယ် | မော်လမြိုင် | အထက(၇)မော်လမြိုင် |
| ၁၂ | ရခိုင်ပြည်နယ် | စစ်တွေ | အထက(၁)စစ်တွေ |
| | | | အထက(၂)စစ်တွေ |
| | | | အထက(၄)စစ်တွေ |
| | | | အထက(၅)စစ်တွေ |
| ၁၃ | ရန်ကုန်တိုင်း ဒေသကြီး | သန်လျင် | အထက(၁)သန်လျင် |
| | | မင်္ဂလာဒုံ | အထက(၁)မင်္ဂလာဒုံ |
| | | သင်္ဃန်းကျွန်း | အထက၊ သုဝဏ္ဏ |
| | | ကြည့်မြင်တိုင် | အထက(၁) ကြည့်မြင်တိုင် |
| ၁၄ | ရှမ်းပြည်နယ် (တောင်) | တောင်ကြီး | အထက(၃)တောင်ကြီး |
| ၁၅ | ရှမ်းပြည်နယ် (မြောက်) | လားရှိုး | အထက(၈)လားရှိုး |
| ၁၆ | ရှမ်းပြည်နယ် (အရှေ့) | ကျိုင်းတုံ | အထက(၂)ကျိုင်းတုံ |
| ၁၇ | ဧရာဝတီတိုင်း ဒေသကြီး | ပုသိမ် | အထက(၁)ပုသိမ် |
| | | မြောင်းမြ | အထက(၁)မြောင်းမြ |
| | | မအူပင် | အထက(၁)မအူပင် |

၃။ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ကို ယခု ကြေညာချက်ပါ စာစစ်ဌာနများအနက် မိမိဖြေဆိုလိုသည့် စာစစ်ဌာနများသို့ ၁၂-၄-၂၀၂၄(သောကြာနေ့) နောက်ဆုံးထား၍ သတင်းပေးပို့ စာရင်းသွင်းရမည်ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာန

# အိမ်ခြံမြေရောင်းဝယ်ငှားစာချုပ်စာတမ်းများအောင်မြင်ရေးအတွက်စကားဝိုင်းဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် မတ် ၃၀**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း ( ဗဟို )၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ရန်ကုန်တိုင်းဒေသကြီး )က အိမ်ခြံမြေရောင်းဝယ်ငှား စာချုပ်စာတမ်းများ မှန်ကန်စွာချုပ်ဆိုအောင်မြင်ရေးအတွက် စကားဝိုင်းဆွေးနွေးပွဲကို ဧပြီ ၂ ရက်က ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းရှိ ယုဇနဟိုတယ်၌ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးသူများအဖြစ် ဦး Albert ဇော်မင်းဥက္ကဋ္ဌ မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း၊ဦးကျူးခေါင် ဥက္ကဋ္ဌ မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (ရန်ကုန်တိုင်းဒေသကြီး)ဦးရဲညွန့် အထက်တန်းရှေ့နေဘဏ် ဥပဒေအကျိုးဆောင်တို့ပါဝင်ပြီး သဘာပတိအဖြစ် ဦးမျိုးမြင့် အထွေထွေအတွင်းရေးမှူး မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို)က ဆောင်ရွက်မည် ဖြစ်သည်။

စကားဝိုင်း ဆွေးနွေးပွဲသို့ တက်ရောက် လိုသူများသည် ဒေါ်မျိုးသူဇာလွင် ဖုန်း -၀၉၂၅၄၀-၆၄၂၉၇၊ ဒေါ်မြင့်မြင့်ဌေး ဖုန်း -၀၉ ၇၉၈၆၂၂၅၄၄၊ ဦးဇေယျ ဖုန်း -၀၉ ၅၁၅၅၄၃၁ တို့သို့ ဆက်သွယ်စာရင်းပေး တက်ရောက်နိုင်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# အိန္ဒိယနိုင်ငံမှ အိန္ဒိယလေတပ်ပညာရှင် Wg Cdr Savitesh Chandler Mishra ဦးဆောင်သောအဖွဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



အိန္ဒိယနိုင်ငံမှ အိန္ဒိယလေတပ်ပညာရှင် Wg Cdr Savitesh Chandler Mishra ဦးဆောင်သောအဖွဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် မတ် ၃၀**

အိန္ဒိယနိုင်ငံမှ အိန္ဒိယလေတပ်ပညာရှင် Wg Cdr Savitesh Chandler Mishra ဦးဆောင်သောအဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ယနေ့ညနေပိုင်းတွင် လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ အိန္ဒိယနိုင်ငံ အိန္ဒိယလေတပ်ပညာရှင် Wg Cdr Savitesh Chandler Mishra ဦးဆောင်သောအဖွဲ့အား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့သည့် ဗီဒီယိုမှတ်တမ်းများကို ရှင်းလင်းပြသကြသည်။

ထို့နောက် ဘုရားဖူးအဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များ၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိ သာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံ စေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိက အဆောက်အဦများကို ဖူးမြော်လေ့လာ ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အိန္ဒိယနိုင်ငံမှ အိန္ဒိယလေတပ်ပညာရှင် Wg Cdr Savitesh Chandler Mishra ဦးဆောင်သောအဖွဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်ရှိ ဂန္ဓကုဋီတိုက်များ၊ ဗိသုကာလက်ရာများကို ကြည့်ရှုလေ့လာကြစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓမ္မာစရိယစာမေးပွဲဖြေဆိုနေမှုများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ သွားရောက်ဖူးမြော်ကြည်ညို၍ နဝကမ္မအလှူငွေများလှူဒါန်း



**ရန်ကုန် မတ် ၃၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အစိုးရဓမ္မာစရိယ စာမေးပွဲအား ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ သံဃာတော်များနှင့် သီလရှင်များ၏ စာမေးပွဲဖြေဆိုနေကြသည့် စာဖြေဌာနများသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များက သွားရောက်၍ ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေများ လှူဒါန်းကြသည်။

ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် စမ်းချောင်းမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း ရန်ကုန်အနောက်ပိုင်း ခရိုင် ဓမ္မာစရိယစာဖြေဌာနတွင် သံဃာတော် ၁၁၆၃ ပါး၊ သီလရှင် ၂၀၈ ပါး၊လူပုဂ္ဂိုလ် သုံးဦးတို့၏ စာမေးပွဲ ဖြေဆိုနေမှုကိုလည်းကောင်း၊ ထို့နောက် အင်းစိန်မြို့နယ်သီရိမင်္ဂလာမဟာသာသနာ့ ဗိမာန်တော်တွင် သံဃာတော်အပါး ၂၀၀၊ သီလရှင် ၂၂ ပါးတို့၏ စာမေးပွဲ ဖြေဆိုနေမှုကိုလည်းကောင်း၊ ဆက်လက်၍ မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့် မယ်လမုစေတီ သာသနာ့ဗိမာန်တော်တွင် သံဃာတော် ၂၄၄ ပါး၊ သီလရှင် ၄၃ ပါး၊ လူပုဂ္ဂိုလ် တစ်ဦးတို့၏ ပါရာဇိကကဏ္ဍပါဠိ အဋ္ဌကထာ ပထမနေ့ဖြေဆိုနေမှုများအားလည်းကောင်း၊ အလားတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မတ် ၂၉ ရက်တွင် သာကေတမြို့နယ် ဝိမုတ္တိရသ ဓမ္မဗိမာန်တော်ကြီးတွင် သံဃာတော် ၂၁၆ ပါး၊ တောင်ဥက္ကလာပမြို့နယ် မြင်သာမြို့ဦးကျောင်းတိုက်တွင် သံဃာတော် ၁၈၆ ပါး၊ သီလရှင် ခုနစ်ပါး၊ ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့်စေတီတော် မဟာသာသနာ့ ဗိမာန်တော်ကြီးတွင် သံဃာတော်အပါး ၁၉၀ တို့၏ ဒုတိယနေ့ စာမေးပွဲဖြေဆိုနေမှုများနှင့် စာမေးပွဲကြီးကြပ်ဆရာတော်ကြီးများ၊ စာဖြေသံဃာတော်များအား ဖူးမြော်ကြည်ညို၍ ကြီးကြပ်ဆရာတော်ကြီးများနှင့် စာဖြေသံဃာများ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့အတွက် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်ကြပြီး စာဖြေသံဃာတော်များ၊ သီလရှင်များ စာမေးပွဲဖြေဆိုစဉ်အချိန်အတွင်း ကျန်းမာရေးစောင့်ရှောက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့သည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဓနသိဒ္ဓိရပ်ကွက်နှင့် ဝဏ္ဏသိဒ္ဓိရပ်ကွက်တို့ရှိ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ နေထိုင်သည့် အိမ်ရာများ၊ လူပျိုနှင့်အပျိုဆောင်များသို့သွားရောက်၍ အိမ်ရာ၊ အဆောင်စည်းကမ်းချက်များနှင့်အညီ နေထိုင်ရေး၊ အဆောက်အဦများ ပြုပြင်ထိန်းသိမ်းရေး၊ ရေ၊ မီးနှင့် ရေနုတ်မြောင်းစနစ်များ ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး၊ လုံခြုံရေး အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများ၏ တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးကာ မိသားစုဝင်များအား ထောက်ပံ့ငွေများ ပေးအပ်သည်။



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ထမ်းများနေထိုင်မှု အဆင်ပြေအောင် နိုင်ငံတော်က ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်၍ နေထိုင်ခွင့်ပြုထားသကဲ့သို့ ဝန်ထမ်းများအနေဖြင့်လည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ကြရန်၊ ဝန်ထမ်းအိမ်ရာများတွင် နေထိုင်သော ဝန်ထမ်းများအနေဖြင့် အိမ်ရာနှင့် အဆောင်လုံခြုံရေးအတွက် အသိသတိဖြင့် ဧည့်သည်များ၊ မသက်ဆိုင်သူများ လက်ခံထားရှိခြင်း မပြုရန်နှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများ လာရောက်တည်းခိုနေထိုင်ပါက ခွင့်ပြုချက်ရရှိမှသာ တည်းခိုနေထိုင်စေရန်နှင့် ဧည့်စာရင်းတိုင်ကြားရန်၊ အမှိုက်များစွန့်ပစ်ရာတွင် စနစ်တကျစွန့်ပစ်ရန်၊ ဝန်ထမ်းအိမ်ရာနှင့် အဆောင်ပတ်ဝန်းကျင်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရန်၊ လျှပ်စစ်မီးများကို ဂရုစိုက်သုံးစွဲရန်နှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး စနစ်တကျစီမံဆောင်ရွက်ရန်၊ စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ရန်နှင့် လုံခြုံရေး အထူးသတိပြုရန် မှာကြားသည်။

ထို့အတူ ဒုတိယဝန်ကြီး ဦးရဲတင့်က လိုင်းခန်းအတွင်း၊ အပြင်နှင့် အိမ်ရာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းလုပ်ဆောင်ကြရန်၊ မီးဘေးအန္တရာယ်နှင့် လျှပ်စစ်မီးသုံးစွဲမှု၊ ရေသုံးစွဲမှုတို့ကို ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်၊ တိုက်တာဝန်ခံ၊ ဒုတိယတိုက် တာဝန်ခံများအနေဖြင့် ဧည့်စာရင်းအပါအဝင် သန့်ရှင်းရေးနှင့် စည်းကမ်းတကျ နေထိုင်ရေးအတွက် စစ်ဆေးကြပ်မတ်ကြရန်၊ အခက်အခဲများရှိပါက အိမ်ရာကြီးကြပ်သူများမှတစ်ဆင့် တင်ပြဆောင်ရွက်ကြရန်နှင့် စည်းလုံးညီညွတ်စွာ နေထိုင်ကြရန် မှာကြားခဲ့သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် Novosibirsk State Technical University နှင့် Nuclear Energy Information Center တို့သို့ သွားရောက်လေ့လာ

**နေပြည်တော် မတ် ၂၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Novo-sibirsk မြို့၌ ရောက်ရှိနေသည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် Rosatom မှ တာဝန်ရှိသူများနှင့်အတူ မတ် ၂၉ ရက် နံနက်ပိုင်းတွင် Novosibirsk State Technical University နှင့် Nuclear Energy Information Center တို့သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Novosibirsk State Technical University သို့ ရောက်ရှိကြရာ တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ လေ့ကျင့် သင်ကြားပေးလျက်ရှိသည့် ဘာသာရပ်များ၊ ပြည်ပမှ သင်တန်းသားများအား လက်ခံ သင်ကြားနေမှု၊ စာပေသင်ကြားပို့ချပေးနေမှုနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို Video Clip ဖြင့် ရှင်းလင်းပြသကြပြီး သိပ္ပံနှင့် နည်းပညာဆိုင်ရာ ကိစ္စရပ်များ၊ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားရေးနှင့် ပညာတော်သင်များ စေလွှတ်နိုင်ရေး ကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက္ကသိုလ် စာသင်ဆောင်များ၊ သုတေသနပြခန်းများ၊ သိပ္ပံနှင့်နည်းပညာ ဘာသာရပ် အပါအဝင် ဘာသာရပ်ဆိုင်ရာ သုတေသနပြု တွေ့ရှိချက်များနှင့် သင်ကြားမှု၊ သင်ယူမှု အထောက်အကူ ပစ္စည်းများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Nuclear Energy Information Center သို့ ရောက်ရှိကြပြီး နည်းပညာဆိုင်ရာ တီထွင်ဖန်တီးမှုများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား Nuclear Energy Information Center မှ တာဝန်ရှိသူများက စွမ်းအင်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ဖြန့်ဝေမှု၊ ပြည်သူလူထုအတွင်း အသိပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မှု၊ သိပ္ပံနှင့်နည်းပညာ ကဏ္ဍမြှင့်တင်ရေး လုပ်ငန်းများနှင့် မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားသည့် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ၏ လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ယခုနှစ် တပေါင်းလပြည့်နေ့တွင်လည်း စနေ၊ တနင်္ဂနွေ အစိုးရရုံးပိတ်ရက်နှင့် တိုက်သည့်အတွက် တည်းခိုဆောင်များအားလုံးပြည့်သည်အထိ ဘုရားဖူးလာရောက်ခဲ့ကြပြီး ဘုရားအနီးပတ်ဝန်းကျင်ရှိ ဓမ္မာရုံများနှင့် ဘုန်းတော်ကြီးကျောင်းများတွင်လည်း တည်းခိုနေထိုင်ကြကာ ဘုရားဖူး၊ ရွှေသက်န်းများ ကပ်လှူပူဇော်၍ မန်းချောင်းအတွင်း ရေချိုးအပန်းဖြေအနားယူကြသည်။

**အဆက်မပြတ်လာရောက်**

ဘုရားဖူးလာရောက်သူများပြားသည့်အတွက် ဈေးရောင်း/ဈေးဝယ်များနှင့် ခေါင်းရွက်ဈေးသည်များပါမကျန် ရောင်းအားကောင်းမွန်၍ အဆင်ပြေလျက်ရှိကာ ပွဲတော်စတင်ကျင်းပသည့်နေ့မှစ၍ ယနေ့အထိ ဘုရားဖူးခရီးသွားပြည်သူများ နေ့စဉ်အဆက်မပြတ် လာရောက်လျက်ရှိကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းငွေက ပြောသည်။

**ညအိပ်တည်းခိုလာရောက်**

မန်းရွှေစက်တော်ဘုရားကြီး၌ ယခုနှစ် ဘုရားဖူးခရီးသွားရာသီတွင် ပွဲတော်စတင်ကျင်းပခဲ့သည့်ကာလတစ်လျှောက်မှစ၍ တပေါင်းလပြည့်ကျော် ၁ ရက် (မတ်လ ၂၅ ရက်) ညအထိ ဘုရားဖူးရဟန်းရှင်လူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်လည်ပတ်သူဦးရေ ၂၀၇၀၃၀ ရှိပြီး ညအိပ်တည်းခိုသူပေါင်း ၄၆၃၀၆ ဦး ရှိကြောင်း၊ မော်တော်ယာဉ် ဝင်ထွက်မှုအနေဖြင့် ယာဉ်ကြီး၊ ယာဉ်ငယ်နှင့် ဆိုင်ကယ်အစီးရေ ၂၂၇၉၂ စီး ရှိပြီဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားကြီးရှိ ခရီးသွားမှတ်တမ်းများအရ သိရသည်။ **မောင်မောင်(မင်းဘူး)**

# မိုင်းပန်မြို့နယ်၌ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့်စပ်လျဉ်း၍ သိရှိနားလည်နိုင်စေရန် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေး

**မိုင်းပန် မတ် ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိနားလည်နိုင်စေရန် ရည်ရွယ်ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ သိကောင်းစရာများ ပါဝင်သော သတင်းစကားလက်ကမ်း စာစောင်များကို ယနေ့ နံနက် ၈ နာရီက မွေတော်ဈေးနှင့် လူစည်ကားရာ နေရာများတွင် ဖြန့်ဝေပေးသည်။

အဆိုပါ လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ပြည်သူများ သိရှိနားလည်နိုင်စေရန် ပြည်သူ့စစ်မှုထမ်းဥပဒေ ရည်ရွယ်ချက်၊ ပြည်သူ့စစ်မှုထမ်း ဥပဒေပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ စစ်မှုထမ်းရမည့် အသက်အရွယ်အပိုင်းအခြားသတ်မှတ်ထားမှု၊ စစ်မှုထမ်းဆောင်ရန် အချိန်ကာလ၊ ပြည်သူ့ စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသည့်အချက်များ၊ ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ပြစ်မှုပြစ်ဒဏ်များ ပါရှိသည့် သတင်းစကားလက်ကမ်း စာစောင်များကိုအခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **နေဘ်မှိုင်း(ပြန်/ဆက်)**

# အနုပညာအထက်တန်းကျောင်း(ရန်ကုန်)၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ



နေပြည်တော် မတ် ၁၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်း ရှိအမျိုးသားဇာတ်ရုံ (ရန်ကုန်)၌ ကျင်းပသော အနုပညာအထက်တန်းကျောင်း (ရန်ကုန်) ၂၀၂၃-၂၀၂၄ ပညာသင်နှစ်သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ပွဲနှင့် စွမ်းရည်ပြ ပဒေသာကပွဲသို့ တက်ရောက် ချီးမြှင့်၍ ပန်းချီပန်းပုဌာနမှ သင်တန်းဆင်းကြမည့် ကျောင်းသား ကျောင်းသူများ၏ လက်ရာမွန်ပန်းချီပန်းပုပြခန်းကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကျောင်းတော်ကြီးမှ အနုပညာအစဉ်အလာကြီးမားသည့် အဆို၊ အတီး၊ အကပညာရှင်များ၊ ပန်းချီပန်းပုပညာရှင်အကျော်အမော်များသာမက စာပေပညာရှင်၊ တေးရေးပညာရှင် အကျော်အမော် များကိုလည်း မွေးထုတ် ပေးနိုင်ခဲ့ပါကြောင်း၊ ဒို့တာဝန် အရေး(၃)ပါးဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် အရေးကြီးပါကြောင်း၊ ယဉ်ကျေးမှုကို စောင့်ရှောက်ခြင်းသည် ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ခြင်းပင် ဖြစ်ပါကြောင်း၊ အနုပညာဆိုသည့် စကားရပ်သည် မိမိတို့ဖန်တီးသော အနုသုခုမ ပညာရပ်များအတွက် ပြေပြစ်ခြင်း၊ သိမ်မွေ့ခြင်း၊ သာယာနာပျော်ဖွယ် ဖြစ်ခြင်းတို့ကို ကိုယ်စားပြုသော်လည်း ကြံ့ခိုင်သည့်စိတ်ခွန်အားရှိမှသာ ဖန်တီး၍ရမည်ဖြစ်ပါကြောင်း၊ မျက်မှောက်ကမ္ဘာ၏ အခြေအနေ အချိန်အခါအရလည်း မဖြစ်မနေ စိတ်ဓာတ်ကြံ့ခိုင်ရမည့် အချိန်ဖြစ်ပါကြောင်း၊ အထူးအားဖြင့် ကိုယ့်နိုင်ငံကို ချစ်စိတ်၊ ကိုယ့်ပြည်ထောင်စုကို ချစ်မြတ်နိုးစိတ်နှင့် ကိုယ့်အမျိုးသား ယဉ်ကျေးမှုကို ချစ်မြတ်နိုးစိတ်တို့ကို အတူယှဉ်တွဲ၍ကြံ့ခိုင်နေရမည့် အချိန်အခါဖြစ်သည်ကို မောင်တို့ မယ်တို့အား လက်ဆောင်စကားပါးလိုကြောင်း။

အနုပညာ အထက်တန်းကျောင်း (ရန်ကုန်)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် သင်တန်းဆင်းကြမည့် ကျောင်းသား ကျောင်းသူများသည် ပန်တျာသင်တန်းမှ ၁၅ ဦး၊ ပန်းချီပန်းပု သင်တန်းမှ လေးဦး စုစုပေါင်း ၁၉ ဦး ဖြစ်ပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် ကျောင်းဆင်းမောင်မယ်များအနေနှင့် ကျောင်းဆင်းသွားသည့်အခါတွင် ဘဝ၏ ရေရှည်အကျိုးကို ရည်မျှော်ပြီး ကျောင်းသင် ပညာရပ်များနှင့် ရပ်တန့်မနေဘဲ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်အောင်မြင် ထင်ရှားပြီးဖြစ်သော သဘာရင့်၊ ဝါရင့်ပညာရှင်ကြီးများ ထံမှလည်း အလျဉ်းသင့်သလို ဆက်လက် သင်ယူသွားကြရန်နှင့် မိခင်ကျောင်းတော်ကြီး၏ ဂုဏ်ကျေးဇူးကို မမေ့မလျော့ဘဲ စဉ်ဆက်မပြတ် ဖော်ထုတ် ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် ရိုးရာအနုပညာရပ်များကို ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဆင်းကြမည့် ကျောင်းသား ကျောင်းသူ ၁၉ ဦးကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်၍ ပန်တျာဌာနမှ ကျောင်းဆင်းစွမ်းရည်ပြ ပဒေသာကပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်ကေအထွက်နှုန်းတိုးတက်ရေးဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသည့် နည်းလမ်းလေးရပ်ကို တစ်ခုမှ လစ်ဟာမှုမရှိအောင်စီမံဆောင်ရွက်ပြီး ကြိုးစားဆောင်ရွက်ကြရမည်

နေပြည်တော် မတ် ၁၀

**စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် Kubota ကောက်စိုက်စက်နှင့် လက်ဆွဲကောက်စိုက်စက် အသုံးပြု၍ နွေစပါးနှိုင်းယှဉ် စိုက်ပျိုးခြင်း သရုပ်ပြပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာအနီး ယာယီရှင်းလင်းဆောင်၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ကြသည်။**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နွေစပါး တစ်ကေအထွက်နှုန်း တိုးတက်ရေး၊ ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးနှင့် စံအထူးအထွက်နှုန်း ထွက်ရှိရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပံ့ပိုးကူညီခြင်း၊ ယူရီးယားမြေဩဇာများ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဝေခြင်း၊ ပညာပေးလုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ တွင်ကျယ်စွာ အသုံးပြုခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ကေအထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသည့် နည်းလမ်း လေးရပ်ကို တစ်ခုမှ လစ်ဟာမှုမရှိအောင် စီမံဆောင်ရွက်ပြီး ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆန်စပါး စိုက်ပျိုးထုတ်လုပ်ခြင်းတွင် ပိုမိုတိုးတတ်အောင် စိုက်ပျိုးထုတ်လုပ်ရုံတင်မက ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့ကို တိုးချဲ့စိုက်ပျိုးပြီး အထွက်နှုန်းပိုမိုတိုးတက်မှသာ ပြည်တွင်းစားသုံးဆီ ဖူလုံမည်ဖြစ်သည့်အတွက် တောင်သူများအနေဖြင့် ဆီထွက်သီးနှံကို အထူးအလေးထား စိုက်ပျိုးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်အတွင်း ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးနှင့် နွေနှမ်းသီးနှံ စိုက်ပျိုးမှုအခြေအနေများ၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ အပင်ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းများ၊ သွင်းအားစုများ စနစ်တကျထည့်သွင်းသည့် နည်းစနစ်များ၊ နှမ်းသီးနှံကို ဘောင်ကြီးတင်စိုက်ပျိုးနည်းစနစ်များ၊ ကောက်စိုက်စက်နှင့် လက်ဆွဲကောက်စိုက်စက် အသုံးပြု၍ မိုးစပါးနှင့် နွေစပါး စိုက်ပျိုးမှု အခြေအနေများ၊ သမဝါယမအသင်းများ ဖွဲ့စည်းခြင်းနှင့် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူရေးအတွက် ပူးပေါင်း ဆောင်ရွက်နေမှုများ၊ စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက နွေစပါး စိုက်ပျိုးမည့် တောင်သူများကို မျိုးစပါးများနှင့် သဘာဝမြေဩဇာများကို ထောက်ပံ့ပေးအပ်ကြပြီး တောင်သူ ဦးကျော်လင်းသိန်း၏ လယ်မြေတွင် Kubota ကောက်စိုက်စက်နှင့် လက်ဆွဲကောက်စိုက်စက်များ အသုံးပြု၍ နွေစပါး နှိုင်းယှဉ်စိုက်ပျိုးခြင်း သရုပ်ပြသမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တောင်သူများက လိုအပ်ချက်များကို တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း လတ်တလော နယ်မြေဒေသအခြေအနေများကြောင့် ယာယီနေရပ်စွန့်ခွာနေထိုင်သူများအား တွေ့ဆုံအားပေးပြီး စားသောက်ကုန်နှင့် ထောက်ပံ့ငွေများပေးအပ်



**ချောင်းဆုံ မတ် ၁၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် အခြားဒေသမှ လတ်တလော နယ်မြေဒေသ အခြေအနေများကြောင့် ယာယီနေရပ်စွန့်ခွာလာရောက်နေထိုင်သူများ စား၊ ဝတ်၊ နေရေး အဆင်ပြေစေရန်အတွက် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ အလှူရှင်များမှ လှူသုံးကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မုဒွန်းကျေးရွာ ပိဋ္ဋကတ်တိုက် ဘုန်းတော်ကြီးကျောင်း၊ တောင်စွန်းကျေးရွာ သဒ္ဓမ္မဇ ဘုန်းတော်ကြီးကျောင်းနှင့် ရွာလွတ်ကျေးရွာ မဟာဝိဟာရ ဘုန်းတော်ကြီး ကျောင်းတို့၌ ဆောင်ရွက်ကြသည်။

ပြည်နယ် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလှူရှင် အဂ္ဂမဟာ မဏိဇောတဓရ ဦးလှထွန်းတို့က မုဒွန်းကျေးရွာ ပိဋ္ဋကတ်တိုက် ဘုန်းတော်ကြီးကျောင်းတွင် ယာယီနေရပ်စွန့်ခွာနေထိုင်သူ ၃၄၈ ဦးအား ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ နှင့် စားသောက်ကုန်ပစ္စည်းများ၊ တောင်စွန်းကျေးရွာ သဒ္ဓမ္မဇ ဘုန်းတော်ကြီးကျောင်းတွင် ယာယီနေရပ်စွန့်ခွာနေထိုင်သူ ၇၅ ဦးအား ထောက်ပံ့ငွေကျပ် ၇၅ သိန်းနှင့် စားသောက်ကုန်ပစ္စည်းများ၊ ရွာလွတ်ကျေးရွာ မဟာဝိဟာရ ဘုန်းတော်ကြီးကျောင်းတွင် ယာယီနေရပ်စွန့်ခွာနေထိုင်သူ ၇၉ ဦးအား ထောက်ပံ့ငွေကျပ် ၇၅ သိန်းနှင့် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျွမ်းကျင်မှုများ ပေါင်းစပ်အသုံးချခြင်း

သိန်းထွန်း (IR)




**"နည်းပညာနဲ့ ပညာရေးဆိုင်ရာတိုးတက်မှုတွေ ပိုမိုမြင့်မားလာတဲ့ကမ္ဘာကြီးမှာ အချို့လည်း soft skills တွေရဲ့ အရေးပါမှုကိုလျစ်လျူရှုထားကြဆဲပါ။ ဒါဟာ soft skills တွေရဲ့ တန်ဖိုး၊ အရေးပါမှုနဲ့ အသုံးဝင်မှုကို နားမလည်လို့လည်း ဖြစ်နိုင်ပါတယ်။ soft skills တွေဟာ လုပ်ငန်းခွင်အတွက်မှ လိုအပ်တာ မဟုတ်ပါဘူး။ လူတစ်ဦးချင်းရဲ့ လူမှုပေါင်းသင်းဆက်ဆံရေး၊ စိတ်ခံစားမှုဆိုင်ရာစွမ်းရည်စတဲ့ တစ်ကိုယ်ရေဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ အစိတ်အပိုင်းတွေဖြစ်ကြပါတယ်။ တစ်ခါတစ်ရံ တွေ့ဖူးကြပါလိမ့်မယ်။ အချို့သူတွေဟာ သူတို့ရဲ့ လုပ်ငန်းနဲ့ပတ်သက်လို့ အထူးကျွမ်းကျင်ကြတယ်၊ ဒါပေမယ့်လည်း soft skill ပိုင်းမှာ အားနည်းကြတဲ့အတွက် ကိုယ်ပိုင်လုပ်ငန်းမှာတောင် တိုးတက်သင့်သလောက် မတိုးတက်ကြပါဘူး**

လျင်မြန်တဲ့ပြောင်းလဲမှုနဲ့ ပြိုင်ဆိုင်မှုပြင်းထန်နေတဲ့ ဒီကနေ့ကမ္ဘာကြီးမှာ အောင်မြင်မှုကို နည်းစနစ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတွေ၊ ပညာရေးအရည်အချင်း သတ်မှတ်ချက်တွေနဲ့ပဲ ဆုံးဖြတ်ဖို့ မလုံလောက်တော့ပါဘူး။

ကမ္ဘာလုံးဆိုင်ရာ စွမ်းရည်ခေတ်ရေစီးကြောင်းမှာ ဘက်စုံက ကျွမ်းကျင်မှုတွေ လိုအပ်နေပါတယ်။ လုပ်ငန်းပိုင်းဆိုင်ရာ အထူးပြုကျွမ်းကျင်မှုတွေနဲ့ ပညာရေးအရည်အချင်းတွေဟာ လုပ်ငန်းအောင်မြင်ဖို့အတွက် အငြင်းပွားစရာမလိုလောက်အောင် အရေးကြီးပါတယ်။ ဒါပေမယ့် လူတစ်ဦးချင်းစီတိုင်းကို သူဘယ်လိုလူလဲလို့ ခွဲခြားသိမြင်နိုင်လောက်ပြီး အောင်မြင်မှုတွေဆီကို တွန်းပို့နိုင်တဲ့ အခြားကျွမ်းကျင်မှုတစ်ခုကတော့ အဲဒီတစ်ဦးချင်းစီတိုင်းရဲ့ soft skills တွေပါပဲ။ အထူးသဖြင့် ဒီကနေ့ အလုပ်ရှင်တွေအနေနဲ့ လုပ်ငန်းအောင်မြင်မှုရဖို့ရာမှာ မတူညီတဲ့ soft skills တွေအပေါ်မှာ များစွာအားထားလာနေကြပါပြီ။ ယခင်ကလို လုပ်ငန်းကျွမ်းကျင်မှုတစ်ခုတည်းအပေါ် အားထားလို့ မရတော့ပါဘူး။ Hard skill နဲ့ soft skill နှစ်မျိုးလုံးကို တောင်းဆိုနေကြပါပြီ။

Hard skills တွေက လက်တွေ့ပိုင်းဆိုင်ရာ စွမ်းရည်တွေနဲ့ ကျွမ်းကျင်မှုတွေကို အဓိကထားပြီး soft skills တွေက အပြုအမူပိုင်းဆိုင်ရာနဲ့ ကိုယ်ရည်ကိုယ်သွေးတွေအပေါ်မှာ အဓိကထားပါတယ်။ Hard skills မှာ အထူးပြုကျွမ်းကျင်မှုနဲ့ သင်ကြားပေးနိုင်တဲ့ အရည်အသွေးတွေ ပါပါတယ်။ အဲဒီ hard skills တွေကို အရေအတွက်နဲ့ တိုင်းတာဖော်ပြနိုင်ပါတယ်။ Soft skills တွေကတော့ အချင်းချင်း ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုတွေပါဝင်ပြီး အရေအတွက်နဲ့တိုင်းတာဖော်ပြဖို့ ခက်ခဲပါတယ်။

Hard skill နဲ့ soft skill ဟာ မတူညီကြပေမယ့် လုပ်ငန်းခွင်အောင်မြင်ဖို့နဲ့ တစ်ဦးချင်းဘဝ အောင်မြင်ဖို့အတွက်ဆိုရင် အဲဒီကျွမ်းကျင်မှုနှစ်မျိုးလုံးကို တစ်ပြေးညီ လိုအပ်ပါတယ်။ ဒါကြောင့် hard skills နဲ့ soft skills တွေရဲ့ အရေးပါမှုနဲ့ ကွာခြားမှုတွေကို သိနားလည်ထားမယ်ဆိုရင် လုပ်ငန်းခွင်နဲ့ တစ်ဦးချင်းဘဝဟာ အောင်မြင်မှုတွေအတွက် ထိရောက်စွာအသုံးချနိုင်ပါလိမ့်မယ်။

### Hard Skills များ

Hard skills တွေဟာ နည်းပညာဆိုင်ရာကျွမ်းကျင်မှုဖြစ်ပြီး သိသာမြင်သာတဲ့ အခြေခံအရည်အသွေး (Tangible Foundations) တွေဖြစ်ပါတယ်။ သိသာထင်ရှားပြီး လုပ်ငန်းခွင်ဆိုင်ရာ အထူးပြုကျွမ်းကျင်မှုတွေ ဖြစ်ပါတယ်။ အများအားဖြင့် hard skills တွေကို ပုံမှန်ပညာရေး၊ လေ့ကျင့်ရေးပရိုဂရမ်တွေ၊ လုပ်ငန်းခွင်အတွေ့အကြုံတွေကနေ ရရှိနိုင်ပါတယ်။ ဥပမာအားဖြင့် hard skills တွေထဲမှာဆိုရင် စီမံကိန်းစီမံခန့်ခွဲမှု၊ ဈေးကွက်ရှာဖွေရေး၊ ကွန်ပျူတာကျွမ်းကျင်မှု၊ ဒီဇိုင်းရေးဆွဲမှု၊ တည်းဖြတ်ခြင်း၊ ဘာသာစကားကျွမ်းကျင်မှု၊ စာရင်းကိုင်စတာတွေ ပါဝင်ပါတယ်။ ဒီကျွမ်းကျင်မှုတွေဟာ သီးခြားနယ်ပယ်တစ်ခု ဒါမှမဟုတ် လုပ်ငန်းတစ်ခုအတွက် လူတစ်ယောက်ရဲ့ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတွေဖြစ်တဲ့အတွက် အဲဒီကျွမ်းကျင်မှုတွေကို အလွယ်တကူ တိုင်းတာသတ်မှတ်နိုင်ပါတယ်။

လျင်မြန်စွာပြောင်းလဲတိုးတက်နေတဲ့ ဒီကနေ့ လုပ်ငန်းခွင်နယ်ပယ်အသီးသီးမှာ hard skill ရှိတဲ့သူတိုင်းအတွက် လိုအပ်ချက်တွေက ပိုပြီးများပြားနေပါတယ်။ အလုပ်ရှင်တွေအနေနဲ့လည်း လုပ်ငန်းပိုင်းဆိုင်ရာတွေကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်ဖို့အတွက် လိုအပ်တဲ့ hard skill ကျွမ်းကျင်မှုရှိတဲ့သူတွေကို ဦးစားပေးလေ့ရှိကြပါတယ်။ ဒါပေမယ့်လို့ hard skill တွေဟာ လုပ်ငန်းတစ်ခုအတွက် မရှိမဖြစ် လိုအပ်တာမှန်ပေမယ့် လုပ်ငန်းတွေ အောင်မြင်ဖို့ရေရှည်တိုးတက်ဖို့နဲ့ ထိထိရောက်ရောက်ဖြစ်ဖို့ဆိုရင် အဲဒီကျွမ်းကျင်မှုတွေနဲ့ပဲ မလုံလောက်တော့ပါဘူး။

ခေတ်မီကမ္ဘာကြီးဟာ အံ့မခမ်းတိုးတက်နေတဲ့အတွက် အရည်အသွေးမြင့် အထူးကျွမ်းကျင်သူဖြစ်လာဖို့အတွက် အသိပညာနဲ့ အတွေ့အကြုံဟာ လိုအပ်ပြီးရင်း လိုအပ်လာနေပါတယ်။ မရှိမဖြစ်လိုအပ်တာက လုပ်ငန်းခွင်အတွင်းက ကျွမ်းကျင်သူတွေဟာ သူတို့ရဲ့ hard skills တွေကို မြှင့်တင်ရင်း သူတို့ရဲ့အသိပညာတွေကို ပိုမိုနက်ရှိုင်းအောင် ကြိုးစားနေရခြင်းပါပဲ။ ဥပမာအားဖြင့် ပရိုဂရမ်ရေးဆွဲသူတစ်ယောက်ဟာ ပရိုဂရမ်အသစ်တွေ ရေးဆွဲနိုင်ဖို့အတွက် အသစ်တိုးတက်မှုတွေနဲ့အညီ သူ့ရဲ့ နည်းပညာဆိုင်ရာ အသိပညာတွေကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးဖို့လိုသလိုပါပဲ။

### Soft Skills များ

soft skills တွေဟာ လူမှုပေါင်းသင်းဆက်ဆံရေးကျွမ်းကျင်မှု ဒါမှမဟုတ် လူသားစွမ်းရည်တွေဖြစ်ပြီး တစ်ဦးချင်းစီရဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ ပရော်ဖက်ရှင်နယ် တိုးတက်ဖို့အတွက် အခြေခံကျောရိုးတွေ ဖြစ်ကြပါတယ်။ အဲဒီအရည်အသွေးတွေဟာ မမြင်နိုင်တဲ့အရည်အသွေးတွေဖြစ်ကြပြီး အခြားသူတွေနဲ့ ဆက်ဆံရာမှာ ဘယ်လို ပြုမူဆောင်ရွက်ရမယ်၊ လူမှုဆက်ဆံရေးနဲ့ ပရော်ဖက်ရှင်နယ် နယ်ပယ်အမျိုးမျိုးမှာ ဘယ်လိုကျင့်ကြံနေထိုင်ရမယ်ဆိုတဲ့ ကိုယ်၊ စိတ်၊ နှလုံး သုံးပါးလုံး အကျုံးဝင်ပါတယ်။ Hard skills တွေနဲ့မတူညီတာက soft skills တွေဟာ မတူညီတဲ့နယ်ပယ်တွေနဲ့ လုပ်ငန်းတွေမှာ ပြောင်းလဲအသုံးပြုလို့ရတဲ့အတွက် ဘယ်လိုလုပ်ငန်းအခြေအနေမှာပဲဖြစ်ဖြစ် အလွန်တန်ဖိုးရှိအသုံးဝင်တဲ့ အရည်အသွေးတွေဖြစ်ပါတယ်။

Soft skills တွေထဲမှာဆိုရင် ပြောဆိုဆက်ဆံမှု၊ အချိန်စီမံခန့်ခွဲမှု၊ ဝေဖန်ပိုင်းခြားစဉ်းစားတတ်မှု၊ စိတ်ခံစားမှုဆိုင်ရာဉာဏ်ရည်၊ တက်ကြွစွာနားထောင်တတ်မှု၊ ကိုယ်ကျင့်သီလ၊ ဆွဲဆောင်စည်းရုံးမှု၊ အားထားယုံကြည်ရမှု၊ ပြဿနာဖြေရှင်းနိုင်မှု၊ တီထွင်ဖန်တီးနိုင်မှု၊ ခေါင်းဆောင်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ စေ့စပ်ညှိနှိုင်းမှု၊ ဂုဏ်သိက္ခာ၊ ခံနိုင်ရည်ရှိမှု၊ လိုက်လျောညီထွေရှိမှု စတဲ့ကျွမ်းကျင်မှုအရည်အသွေးတွေ ပါဝင်ပါတယ်။ အခြား soft skills တွေလည်း ရှိပါသေးတယ်။ အဲဒီ soft skills တွေဟာ လူတစ်ဦးရဲ့ နှလုံးရည်ပြည့်ဝတဲ့ အရည်အသွေးတွေလို့လည်း ဆိုနိုင်ပါတယ်။

လုပ်ငန်းခွင်အတွင်းမှာ အဲဒီလို soft skills တွေ အားနည်းလာရင် ဦးဆောင်မှု၊ ကျင့်ဝတ်လိုက်နာမှု၊ ကိုယ်ချင်းစာစိတ်၊ ပူးပေါင်းလုပ်ဆောင်မှု စတဲ့အရည်အသွေးတွေ ကျဆင်းစေပါတယ်။ ဒါဟာ လုပ်ငန်းတစ်ခု၊ အဖွဲ့အစည်းတစ်ခုရဲ့ လတ်တလော လုပ်ငန်းထိရောက်မှု၊ အောင်မြင်မှုတွေကို ထိခိုက်စေတဲ့အပြင် ရေရှည်ရပ်တည်နိုင်မှုအပေါ်ကိုပါ ထိခိုက်စေပါတယ်။ လူတစ်ဦးချင်းစီအနေနဲ့ကြည့်ရင် Soft skill အားနည်းတဲ့သူတွေဟာ သူတို့ရဲ့ ကိုယ်ပိုင်ဘဝတွေမှာ ကိုယ်ရည်ကိုယ်သွေး အားနည်းစေပါတယ်။

အခုဆိုရင် အလိုအလျောက်စနစ် (automation) နဲ့ ဉာဏ်ရည်တု (AI) တွေ တိုးတက်နေတာကြောင့် လုပ်ငန်းခွင်အခြေအနေ အဆက်မပြတ် ပြောင်းလဲနေတဲ့အတွက် soft skills တွေ ပိုပြီးလိုအပ်လာနေပါတယ်။ World Economic Forum ရဲ့ Future of Jobs Report အရ စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေး၊ တီထွင်ဖန်တီးနိုင်မှုနှင့် ဝေဖန်ပိုင်းခြားတွေးခေါ်မှုတို့လို စွမ်းရည်တွေဟာ ဒစ်ဂျစ်တယ်ခေတ်မှာ ပိုပြီးတန်ဖိုးရှိလာတယ်လို့ ဆိုပါတယ်။

အဲဒီစွမ်းရည်တွေကို လူသားတွေသာ ထူးထူးခြားခြားပိုင်ဆိုင်ထားကြပြီး အဲဒီစွမ်းရည်တွေကို စက်တွေနဲ့ အလွယ်တကူ ပုံတူကူးလို့ မရနိုင်ပါဘူး။ ဒါကြောင့် နည်းပညာတွေနဲ့ မောင်းနှင်နေတဲ့ ကမ္ဘာကြီးမှာ soft skills တွေက မရှိမဖြစ်လိုအပ်ပါတယ်။ ဒါကြောင့်လည်း ခေတ်သစ်လုပ်ငန်းခွင်တွေရဲ့ တောင်းဆိုမှုတွေမှာ soft skills တွေကို အလေးထားဆန်းစစ်ခေါ်ယူလာကြခြင်းပါပဲ။ လုပ်ငန်းခွင်အတွင်း ခိုင်မာတဲ့ဆက်ဆံရေး တည်ဆောက်မှု၊ ထိရောက်တဲ့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနဲ့ လုပ်ငန်းခွင်ဆိုင်ရာ စိန်ခေါ်မှုနဲ့ ရှုပ်ထွေးမှုတွေကို ကိုင်တွယ်ဖြေရှင်းရေးတွေမှာ အဲဒီအရည်အချင်းတွေ မပါမဖြစ်လိုအပ်နေပါပြီ။ ဒါကြောင့်လည်း လုပ်ငန်းခွင်အတွင်းမှာ hard skills တွေက သင့်ရဲ့နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်မှုတွေကို ဖော်ပြနေပြီး soft skills တွေကတော့ သင်ဘယ်လိုလူစားမျိုးလဲဆိုတာကို ဖော်ပြနေတယ်လို့ ဆိုကြပါတယ်။

### ကိုယ်ရည်ကိုယ်သွေးတိုးတက်မှုနှင့် soft skills များ၏ အရေးပါမှု

နည်းပညာနဲ့ ပညာရေးဆိုင်ရာတိုးတက်မှုတွေ ပိုမိုမြင့်မားလာတဲ့ကမ္ဘာကြီးမှာ အချို့လည်း soft skills တွေရဲ့အရေးပါမှုကို လျစ်လျူရှုထားကြဆဲပါ။ ဒါဟာ soft skills တွေရဲ့ တန်ဖိုး၊ အရေးပါမှုနဲ့ အသုံးဝင်မှုကို နားမလည်လို့လည်း ဖြစ်နိုင်ပါတယ်။ soft skills တွေဟာ လုပ်ငန်းခွင်အတွက်မှ လိုအပ်တာ မဟုတ်ပါဘူး။ လူတစ်ဦးချင်းရဲ့ လူမှုပေါင်းသင်းဆက်ဆံရေး၊ စိတ်ခံစားမှုဆိုင်ရာစွမ်းရည် စတဲ့ တစ်ကိုယ်ရေဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ အစိတ်အပိုင်းတွေ ဖြစ်ကြပါတယ်။

တစ်ခါတစ်ရံ တွေ့ဖူးကြပါလိမ့်မယ်။ အချို့သူတွေဟာ သူတို့ရဲ့လုပ်ငန်းနဲ့ပတ်သက်လို့ အထူးကျွမ်းကျင်ကြတယ်၊ ဒါပေမယ့်လည်း soft skill ပိုင်းမှာ အားနည်းကြတဲ့အတွက် ကိုယ်ပိုင်လုပ်ငန်းမှာတောင် တိုးတက်သင့်သလောက် မတိုးတက်ကြပါဘူး။ လူမှုဆက်ဆံရေးကျွမ်းကျင်မှုဆိုရင် ကိုယ့်ဘဝတိုးတက်မှု၊ လုပ်ငန်းခွင်နဲ့ လူမှုပေါင်းသင်းဆက်ဆံရေးနယ်ပယ်တွေမှာ မရှိမဖြစ် လိုအပ်ပါတယ်။ National Association of Colleges and Employers (NACE) ရဲ့ လေ့လာမှုတစ်ခုအရဆိုရင် အလုပ်ရှင်တွေလိုချင်တဲ့ ထိပ်တန်းအရည်အသွေးတွေထဲမှာ လူမှုဆက်ဆံရေးကျွမ်းကျင်မှုက အမြဲတမ်းဦးစားပေးအဆင့်မှာရှိတယ်လို့ ဆိုပါတယ်။

ထိရောက်တဲ့ လူမှုဆက်ဆံရေးကျွမ်းကျင်မှုမှာ ကိုယ့်ရဲ့အတွေးအမြင်တွေကို ရှင်းရှင်းလင်းလင်း ဖော်ပြနိုင်ရုံသာမကပဲ တက်ကြွစွာ နားထောင်တတ်ခြင်း၊ ကိုယ်ချင်းစာတရားနဲ့ အပြုအမူဆိုင်ရာတွေကို နားလည်နိုင်တာတွေ ပါပါတယ်။ ဒီအရည်အသွေးတွေကို ကျွမ်းကျွမ်းကျင်ကျင် ကျင့်သုံးနိုင်မယ်ဆိုရင် တစ်ဦးနဲ့တစ်ဦး ခိုင်မာတဲ့ဆက်ဆံရေး တည်ဆောက်နိုင်မယ်၊ ပဋိပက္ခတွေကို ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းနိုင်မယ်။ ဒါတွေဟာ လုပ်ငန်းခွင်အတွက်ပဲဖြစ်ဖြစ်၊ ကိုယ့်ရဲ့ ကိုယ်ပိုင်ဘဝ၊ ပရော်ဖက်ရှင်ဘဝအတွက်ပဲ ဖြစ်ဖြစ် တန်ဖိုးဖြတ်မရတဲ့ အရည်အသွေးတွေပါ။ ဒါ့အပြင် ခေါင်းဆောင်မှုအရည်အသွေး မြှင့်တင်ရာမှာ soft skills တွေဟာ မရှိမဖြစ် လိုအပ်ပါတယ်။ ကမ္ဘာ့စီးပွားရေးဖိုရမ်ရဲ့ အစီရင်ခံစာအရ ခေါင်းဆောင်နိုင်မှု၊ စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေး (EQ)နဲ့ လူမှုရေးဆိုင်ရာ လွှမ်းမိုးနိုင်မှု အရည်အသွေးဟာ

*စာမျက်နှာ ၇ သို့*

# လယ်ဝေးမြို့နယ်၌ တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများဆောင်ရွက်

**လယ်ဝေး မတ် ၃၀**

နေပြည်တော် လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာ၌ တိရစ္ဆာန်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဆေးကုသရေးလုပ်ငန်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက မတ် ၂၈ ရက်တွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။



ဟောပြောပွဲတွင် နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာထွေးကိုကိုက ကျွဲ နွားကောင်ရေစာရင်း တိကျမှန်ကန်မှုရှိစေရန်၊ ကျွဲနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်လာစေရန် အသိပညာပေးဟောပြောပြီး လယ်ဝေးခရိုင်ဦးစီးမှူး ဒေါက်တာဝင်းမြင့်သိန်းက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများ၊ မွေးမြူရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအကြောင်း၊ နွားမျိုးကောင်းမျိုးသန့်များ မွေးမြူနိုင်ရေးအတွက် နွားများအား မိရိုးဖလာသားစပ်နည်းအစား မေထုန်မဲ့သားစပ်နည်းဖြင့် ဆောင်ရွက်ရန် အသိပညာပေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(ရုံးချုပ်)မှ ဒေါက်တာလှိုင်ဝင်းနှင့် ဒေါက်တာ သန့်ဇော်တို့က တိရစ္ဆာန်ရောဂါကာကွယ်ရေး၊ ကျွဲနွားများ ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများအကြောင်းနှင့် ခွေးရူးပြန်ရောဂါအကြောင်း ရှင်းလင်းဟောပြောကာ ဥတ္တရခရိုင်ဦးစီးမှူး ဒေါက်တာဇော်ဝင်းထွန်းက ဘဲမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးမွေးမြူရေးအထက်တန်းကျောင်းများ ဖွင့်လှစ်နေမှုများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ကျေးရွာနေပြည်သူများအား မွေးမြူရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေကာ ကျေးရွာအတွင်းရှိ နွား ၂၄ ကောင်နှင့် ဝက် ၂၇ ကောင်ကို လိုအပ်သောဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

**ဝေကြည်**
**(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်၌ စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံဆွေးနွေး

**ရန်ကုန် မတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဝင်နှင့် ထန်းတပင်မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံဆွေးနွေးပွဲကို မတ် ၂၆ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က မြို့နယ်အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ ကလေးစာဖတ်ခန်းများ ဖွင့်လှစ်နိုင်ရေးနှင့် စာကြည့်တိုက်များကို ပြည်သူများက တန်ဖိုးထားအားကိုးရသည့် စာဖတ်ခန်းများဖြစ်အောင် ကြိုးစားသွားကြရန် ပြောကြားသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (မြောက်ပိုင်းခရိုင်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး/မြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီများမှ တာဝန်ရှိသူများက မြို့နယ်စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးစာဖတ်ခန်းများ ဖွင့်လှစ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့သည်။ ထို့နောက် တိုင်းကော်မတီဝင်က မြို့နယ်အတွင်းရှိ ပညာအလင်းရောင်၊ လင်းလက်ကြယ် စာကြည့်တိုက်များသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြား၍ စာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

လုပ်ငန်းခွင်တိုးတက်ဖို့အတွက် အထူးလိုအပ်တယ်လို့ဆိုပါတယ်။ ထိရောက်တဲ့ ခေါင်းဆောင်တွေဟာ ရည်မှန်းချက်တွေအောင်မြင်ဖို့ အခြားသူတွေကို လှုံ့ဆော်နိုင်စွမ်း၊ စိတ်ဓာတ်တက်ကြွစေမှုနဲ့ လမ်းညွှန်မှုတွေပေးနိုင်တဲ့အပြင် ကိုယ်ချင်းစာတရား၊ လိုက်လျောညီထွေရှိမှု၊ ခံနိုင်ရည်ရှိမှုစတဲ့ အရည်အချင်းတွေကိုလည်း ပိုင်ဆိုင်ကြပါတယ်။ ဒါကြောင့် တိုးတက်အောင်မြင်လိုသူတွေအနေနဲ့ ခေါင်းဆောင်မှုနဲ့ စိတ်ခံစားမှုဉာဏ်ရည်တွေကို ပြုစုပျိုးထောင်ပြီး ကျင့်သုံးနိုင်မယ်ဆိုရင် ကိုယ့်ရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေမှာ ထူးချွန်ထက်မြက်စေရုံသာမကပဲ လူမှုအသိုက်အဝန်းနဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ ကြီးမားတဲ့ ဩဇာလွှမ်းမိုးမှု ရရှိစေပါတယ်။

တစ်ဦးချင်းအနေနဲ့ကြည့်ရင်လည်း soft skill တွေဟာ လူတစ်ယောက်ရဲ့ နေ့စဉ်ဘဝရဲ့ စိတ်၊ အပြုအမူ၊ အပြောအဆို၊ အတွေးအခေါ်နဲ့ စာနာနားလည်စိတ်တွေနဲ့ ဆက်နွှယ်နေတာမို့လို့ ကိုယ့်ရဲ့ စိတ်ပိုင်းဆိုင်ရာ သုခချမ်းသာရရှိဖို့အပြင် ဘဝရဲ့ အခက်အခဲ၊ စိတ်ဖိစီးမှု၊ စိန်ခေါ်မှု စတာတွေကို ခံနိုင်ရည်ရှိဖို့ အဲဒီစွမ်းရည်တွေ လိုအပ်ပါတယ်။ ကိုယ်ကြုံတွေ့နေရတဲ့ စိတ်ဖိစီးတာတွေကို စီမံခန့်ခွဲဖို့၊ ခံနိုင်ရည်တည်ဆောက်ဖို့နဲ့ စိတ်ခွန်အားမြှင့်တင်ရာမှာ စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးရဲ့ အခန်းကဏ္ဍဟာ အရေးပါကြောင်း အမေရိကန်စိတ်ပညာအသင်းကြီးက ဆိုပါတယ်။

စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးမြင့်မားသူတွေမှာ မိမိကိုယ်ကိုသတိရှိမှု၊ ထိန်းချုပ်မှုနဲ့ ကိုယ်ချင်းစာမှုတွေရှိနေကြပြီး သူတို့ဟာ စိန်ခေါ်မှုတွေနဲ့ ကျရှုံးမှုတွေကို ရင်ဆိုင်နိုင်တဲ့သူတွေဖြစ်ကြပါတယ်။ ဒါကြောင့် စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးနဲ့ ခံနိုင်ရည်ရှိမှုကို ပြုစုပျိုးထောင်ခြင်းဟာကိုယ့်ရဲ့စိတ်ပိုင်းဆိုင်ရာ ချမ်းသာသုခကိုရရှိစေပြီး အပြုသဘောဆောင်တဲ့ လူမှုဆက်ဆံရေး ထူထောင်နိုင်တဲ့အတွက် အခက်အခဲတွေကြားမှာ ရှင်သန်ရပ်တည်နိုင်ပါတယ်။

### အရေးပါသည့် Hard Skills နှင့် Soft Skills များ၏ဟန်ချက်ညီမှု

အမေရိကန်စာရေးဆရာ၊ နိုင်ငံရေးအတိုင်ပင်ခံဖြစ်တဲ့ ပက်ဂီကလေ့စ် က "Hard skills ဆိုတာက အလုပ်အတွက်လိုအပ်တဲ့ နည်းပညာဆိုင်ရာကျွမ်းကျင်မှုနဲ့ လက်တွေ့ကျတဲ့ အသိပညာတွေကိုဆိုတာပါ၊ Soft skills တွေကတော့ အဲဒီနည်းပညာဆိုင်ရာကျွမ်းကျင်မှုတွေနဲ့ အသိပညာတွေကို ပိုပြီးထိရောက်အောင်အသုံးချနိုင်စေတဲ့ အရည်အချင်းပါ"လို့ ဆိုခဲ့ဖူးပါတယ်။ ဒါကိုကြည့်ရင်ကိုယ့်ရဲ့လုပ်ငန်းခွင်နဲ့ ဘဝအောင်မြင်မှုတွေ ဖန်တီးတည်ဆောက်ရာမှာ hard skill နဲ့ soft skill နှစ်မျိုးစလုံး ဟန်ချက်ညီ လိုအပ်တဲ့သဘောပါပဲ။

Hard skills တွေက ကိုယ့်ရဲ့သီးခြားလုပ်ငန်းတွေအကောင်အထည်ဖော်ဖို့လိုအပ်သလို soft skills တွေက လုပ်ငန်းခွင်အတွင်းမှာ လူတစ်ဦးချင်းစီရဲ့ အလုံးစုံ ထိရောက်မှုနဲ့ အောင်မြင်မှုကို အဆုံးအဖြတ်ပေးရာမှာ အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ ဒါကြောင့်လည်း လုပ်ငန်းရှင်တွေက ဆန်းသစ်တီထွင်မှုတွေမြှင့်တင်ဖို့၊ တီထွင်ဖန်တီးမှုတွေ တိုးတက်ဖို့နဲ့ အဖွဲ့အစည်းစိတ်ဓာတ် တည်ဆောက်ဖို့အတွက် soft skills တွေရဲ့ အရေးပါမှုကို ပိုပြီး သိရှိလက်ခံထားကြခြင်း ဖြစ်ပါတယ်။

ဟားဗတ်တက္ကသိုလ်ရဲ့ လေ့လာမှုတစ်ခုဖြစ်တဲ့ "လုပ်ငန်းခွင်အတွင်း soft skills များရဲ့ အရေးပါမှု" မှာဆိုရင် လုပ်ငန်းအောင်မြင်မှုရဲ့ ၈၅ ရာခိုင်နှုန်းဟာ ကောင်းမွန်စွာဖွံ့ဖြိုးတိုးတက်နေတဲ့ soft skills တွေကြောင့် ရရှိတာဖြစ်ပြီး ကျန် ၁၅ ရာခိုင်နှုန်းကတော့ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုတွေနဲ့ အသိပညာတွေကြောင့်ရရှိတာလို့ တွေ့ရှိထားပါတယ်။ ဒ့ါအပြင် LinkedIn က ပြုလုပ်တဲ့ စစ်တမ်းတစ်ခုမှာဆိုရင် ဝန်ထမ်းတွေခန့်ထားရာမှာ hard skills တွေထက် soft skills တွေက တန်းတူသို့မဟုတ် ပိုပြီးအရေးကြီးတာကို အရည်အချင်းရှိတဲ့ ပရော်ဖက်ရှင်နယ်သမားတွေနဲ့ အလုပ်ခန့်ထားတဲ့ မန်နေဂျာတွေ ၉၂ ရာခိုင်နှုန်းက လက်ခံထားကြတယ်လို့ ဖော်ပြထားပါတယ်။ Soft skills တွေက hard skills တွေနည်းတူ အရေးပါတာမှန်ပေမယ့် ကျွမ်းကျင်မှုနှစ်ခုစလုံးက သူ့နေရာနဲ့သူ အရေးပါတာကြောင့်မို့လို့ အောင်မြင်မှုဆိုတဲ့ရည်မှန်းချက်ကို သွားရာမှာတော့ soft skill နဲ့ hard skill တွေကို ဟန်ချက်ညီ အသုံးချနိုင်ဖို့ လိုအပ်ပါတယ်။

### Hard Skills နှင့် Soft Skills များပေါင်းစပ်ခြင်း

လူတစ်ဦးချင်းစီအနေနဲ့ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ အလုပ်အကိုင်ဈေးကွက်ထဲမှာ ကြီးပွားတိုးတက်ဖို့ဆိုရင် hard skill နဲ့ soft skill နှစ်ခုစလုံး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဖို့လိုပါတယ်။ လုပ်ငန်းခွင်တွေမှာ သက်ဆိုင်ရာကဏ္ဍအလိုက် hard skill ကျွမ်းကျင်သူတွေ အများအပြားရှိကြပါတယ်။ ဒါပေမယ့် အဲဒီတစ်ဦးချင်းစီက သူတို့ရဲ့ကဏ္ဍကိုမြှင့်တင်နိုင်တဲ့ အရည်အချင်း၊ လုပ်ဖော်ကိုင်ဖက်တွေ၊ ဖောက်သည်တွေနဲ့ ထိထိရောက်ရောက် ဆက်သွယ်ပြောနိုင်မှုနဲ့ ပြောင်းလဲနေတဲ့ဝန်းကျင်နဲ့အညီ လိုက်လျောညီထွေရှိအောင် လုပ်နိုင်မှုကို အဆုံးအဖြတ်ပေးတာက hard skill မဟုတ်ပါဘူး၊ soft skill တွေပါပဲ။ ဒါကြောင့် hard skill နဲ့ soft skill ကျွမ်းကျင်မှုတွေ ပေါင်းစပ်ခြင်းကြောင့် တစ်ဦးချင်းစွမ်းဆောင်ရည်နဲ့ အဖွဲ့အစည်းဆိုင်ရာ ထိရောက်မှုကို မြှင့်တင်ပေးတဲ့အတွက် ဘက်စုံအကျိုးကျေးဇူးတွေကို ရရှိစေပါတယ်။

ပညာရေးနယ်ပယ်မှာဆိုရင် hard skills နဲ့ soft skills တွေ ပေါင်းစပ်အသုံးပြုခြင်းဟာ အလုံးစုံပညာရေးရဲ့အခြေခံဖြစ်ပါတယ်။ ပညာရေးအဖွဲ့အစည်းတွေက ကျောင်းသားတွေကို soft skill ကျွမ်းကျင်မှုတွေ ပြုစုပျိုးထောင်ပေးခြင်းဖြင့် ကျောင်းသားတွေရဲ့ တစ်သက်တာသင်ယူမှုနဲ့ အသက်မွေးဝမ်းကျောင်းအောင်မြင်မှုတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ ခံနိုင်ရည်ရှိမှုနဲ့ လိုက်လျောညီထွေရှိမှုတွေကို ရရှိစေပါတယ်။

ဒ့ါအပြင် hard skills နဲ့ soft skills တွေ ပေါင်းစပ်အသုံးပြုခြင်းဖြင့် နည်းပညာအသွင်ပြောင်းမှု၊ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ လူမှုအသိုက်အဝန်းပြောင်းလဲမှုတွေလို စိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းရာမှာ အရေးကြီးလိုအပ်ပါတယ်။ နည်းပညာတွေ အရှိန်ပြင်းပြင်း ပြောင်းလဲတိုးတက်တာတွေနဲ့ အပြန်အလှန်ဆက်ဆံရတာတွေ များလာတဲ့ခေတ်မှာ မတူကွဲပြားတဲ့ကျွမ်းကျင်မှုတွေ ပိုင်ဆိုင်ထားသူတွေဟာ မရေရာ မသေချာမှုတွေကြားမှာ လမ်းကြောင်းမှန်စေဖို့၊ အပြောင်းအလဲတွေကို လက်ခံနိုင်ဖို့နဲ့ ပတ်ဝန်းကျင်အမျိုးမျိုးမှာ ရှင်သန်ဖို့အတွက် အခွင့်အလမ်းတွေ ပိုမိုရရှိစေပါတယ်။

ပရော်ဖက်ရှင်နယ် ဖွံ့ဖြိုးတိုးတက်မှုတွေမှာလည်း hard skill နဲ့ soft skill ပေါင်းစပ်အသုံးချနိုင်စွမ်းရဲ့အရေးပါမှုကို ချန်လုပ်ထားလို့မရပါဘူး။ hard skill နဲ့ soft skill နှစ်မျိုးစလုံးလိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နည်းပညာကျွမ်းကျင်တာတွေ (hard skills) နဲ့ လူအချင်းချင်းကျွမ်းကျင်မှု (soft skills) တွေကို ပေါင်းစပ်အသုံးချနိုင်စွမ်းဟာ ပညာရေး၊ စီးပွားရေးနဲ့ နေ့စဉ်ဘဝအပါအဝင် နယ်ပယ်အသီးသီးမှာ အောင်မြင်မှုရဖို့အတွက် အခြေခံအုတ်မြစ် ဖြစ်နေလို့ပါပဲ။ ဒါပေမယ့် ဖြစ်တတ်တာက လူ့သဘာဝအရ သိသာမြင်သာတိုင်းတာနိုင်တဲ့ hard skills တွေကိုသာ အလေးထားတတ်ကြပြီး မသိသာနိုင်တဲ့ soft skills တွေကို အလေးမထားတတ်ကြပါဘူး။ ဒီလိုကျွမ်းကျင်မှုဟန်ချက်မညီခြင်းဟာ လူအများနဲ့လုပ်ကိုင်ကြရတဲ့ အဖွဲ့အစည်းတွေနဲ့ လုပ်ငန်းခွင်တွေမှာ တစ်ဦးချင်းနဲ့ အဖွဲ့အစည်းရဲ့ အရည်အသွေးတွေကို သိသိသာသာ ကျဆင်းစေပါတယ်။

အဖွဲ့အစည်းတွေမှာ ပါဝင်နေကြတဲ့သူတွေဟာ လူသားတွေဖြစ်တဲ့အတွက် လူသားသဘာဝနဲ့ လိုက်လျောညီထွေဖြစ်စေမယ့် soft skills တွေက မရှိမဖြစ် လိုအပ်ပါတယ်။ အခုဆို လူ့အဖွဲ့အစည်းရဲ့ တိုးတက်မှုတွေဟာ အပြန်အလှန်ချိတ်ဆက်မှုနဲ့ ပြောင်းလဲမှုပိုများတဲ့ အနာဂတ်ဆီကို ဦးတည်နေတဲ့အတွက် hard skill နဲ့ soft skill ပေါင်းစပ်အသုံးချနိုင်စွမ်းဟာ ဆက်ပြီးအရေးပါနေဦးမှာပါ။


**ကိုးကား**

၁။ National Association of Colleges and Employers (NACE). (n.d.). Job Outlook 2023. Retrieved from https://www.naceweb.org/job-outlook/annual-report/

၂။ World Economic Forum. (2022). The Future of Jobs Report 2022. Retrieved from https://www.weforum.org/reports/the-future-of-jobs-report-2022

၃။ Journal of Business and Psychology. (2017). The Role of Teamwork Skills in the Performance of Business Teams: A Multilevel Analysis. Retrieved from https:// link.springer.com/ article/ 10.1007/s10869-017-9472-2

၄။ American Psychological Association. (n.d.). Emotional Intelligence. Retrieved from https://www.apa.org/topics/emotional-intelligence

၅။ Harvard University, "The Importance of Soft Skills in the Workplace"

၆။ LinkedIn, "Global Talent Trends 2019"

# ၂၀၂၇-၂၀၂၈ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ ဝါသီးနှံ ဧက ၇၄၇၀၀၀ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် မကွေးမြို့ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဇုန်ဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒေသသုတေသနဌာနများနှင့် စိုက်ပျိုးပညာပေး ဝန်ထမ်းများအနေဖြင့် တောင်သူများ အသုံးပြုလျက်ရှိသည့် သီးနှံမျိုးများကို မျက်ခြည်မပြတ်လေ့လာ၍ လိုအပ်ချက်အလိုက် မျိုးမြှင့်ပေးခြင်းနှင့် မျိုးလဲလှယ်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။





**ဆွေးနွေးမှာကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာနပိုင် တမာပိုးသတ်ဆေး စက်ရုံအား ပုဂ္ဂလိကလုပ်ငန်းရှင်က ငှားရမ်း၍ တမာပိုးသတ်ဆေး ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် မကွေးမြို့နယ် မိကျောင်းရဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျေးရွာတောင်သူများကို ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ ဒေသ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးတို့က ရွှေတောင် (၈)မျိုးသန့်ချည်မျှင်ရှည်ဝါ မျိုးစေ့များ ၊ ဆင်းရွှေ ကြာ-၂ နေကြာမျိုးစေ့များနှင့် စမုံနက် နှမ်းမျိုးစေ့များကို တောင်သူများအား ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အတူ မကွေးမြို့ စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သဘာဝချည်မျှင်လုပ်ငန်းအခြေခံ MSME စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် အရေးအပါဆုံး စက်မှုကုန်ကြမ်း သီးနှံဖြစ်သည့် ဝါသီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် တိုင်းဒေသကြီး ပြည်နယ်ခြောက်ခု၏ ဝါသီးနှံ စိုက်ပျိုးရေးဇုန် ၁၉ ခု၌ ဝါ ၆၁၂၇၁၂ ဧက စိုက်ပျိုးထုတ်လုပ်ရန် စီမံဆောင်ရွက်ထားပြီး နှစ်စဉ်တိုးတက်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ ၂၀၂၇-၂၀၂၈ ခုနှစ်တွင် ဝါသီးနှံစိုက်ပျိုးရေိယာ ဧက ၇၄၇၀၀၀ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် တစ်ဧက အထွက်နှုန်း ဝါပိဿာ ၇၀၀ ရရှိရေးအတွက် ဇုန်အလိုက် တာဝန်ခံများ တာဝန်ပေးအပ်ထားကြောင်း၊ မကွေးတိုင်းဒေသကြီး၏ ဝါသီးနှံ စိုက်ပျိုးရေးဇုန်လေးခုတွင် ဧကနှစ်သိန်း ခြောက်သောင်းကျော်လျာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရနိုင်သည့်အခက်အခဲ၊ အဟန့်အတားများကိုဆက်စပ်ဆောင်ရွက်လျက်ရှိသော ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ တောင်သူများ စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**နှီးနှောဖလှယ်**

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူများအနေဖြင့် ယနေ့တွေ့ဆုံပွဲတွင် ဝါသီးနှံထုတ်လုပ်မှုဆိုင်ရာ အတွေ့အကြုံများကို နှီးနှောဖလှယ်ပြီး ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ညှိနှိုင်းအဖြေရှာ ဖော်ထုတ်သွားကြစေလိုကြောင်း ပြောကြားကာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ အရည်အသွေးကောင်း ဝါမျိုးများ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုနှင့် မျိုးစေ့ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များ၊ သီးနှံအရည်အသွေး၊ အထွက်နှုန်း၊ ဈေးကွက်အခြေအနေနှင့် တောင်သူများ၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေး သတိပြုဆောင်ရွက်ရမည့် အချက်များကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဝါစိုက်ပျိုးထုတ်လုပ်သူများအသင်း တာဝန်ရှိသူများနှင့် ဝါစိုက်တောင်သူများက ဒေသ၏ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု အတွေ့အကြုံများ၊ ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသီများ၊ စိုက်ပျိုးရေးဦးစီးဌာန ပညာရှင်များက ဖြေကြားဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးသည်။

**အထွက်နှုန်းတိုးတက်ရေး**

မကွေးတိုင်း ဒေသကြီး၌ ဝါသီးနှံကို ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၁၇၂၇၉၃ ဧက၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၂၁၇၄၁၆ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဝါသီးနှံ စိုက်ပျိုးရေးဇုန်လေးခု သတ်မှတ်၍ ဧက ၂၆၈၈၀၀ စိုက်ပျိုးရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ဧက ၃၅၀၀၀၀ အထိ စိုက်ပျိုးရန် ရည်မှန်းထားရှိကြောင်း၊ ဝါသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် အရည်အသွေး ပြည့်မီသော သွင်းအားစုများ အပြည့်အဝ အသုံးပြုခြင်းဖြင့် အထွက်နှုန်း တိုးတက်ပြီး ဝါအရည်အသွေး ထုတ်လုပ်မှု တိုးတက်လာစေရန် ပြည်ထောင်စုဝန်ကြီးဌာန၏ အားပေးကူညီမှု၊ တိုင်းဒေသကြီးအစိုးရ၏ အနီးကပ်ကြီးကြပ်မှုဖြင့် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးလွင်ဦး ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၃၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး ဦးဆောင်၍ စီမံကိန်းနှင့် စီမံရေးရာ ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာနများမှ အုပ်ချုပ်ရေး အရာရှိများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အရာထမ်း၊ အမှုထမ်းအိမ်ရာများနှင့် အရာထမ်း၊ အမှုထမ်း လူပျိုဆောင်/ အပျိုဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ထုတ်ပြန်ထားသည့် နေထိုင်မှုစည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ရေး၊ အိမ်ရာတိုက်ခန်း၊ အဆောင်အခန်းများ၏ အတွင်း/အပြင် သန့်ရှင်းရေး ဆောင်ရွက်ရေး၊ နိုင်ငံတော်ပိုင် အိမ်ရာတိုက်ခန်း၊ အဆောင်အခန်းများ ရေရှည်ခိုင်ခံ့နိုင်ရေးအတွက် ထိန်းသိမ်း စောင့်ရှောက်ရေး၊ ပေါ့လျော့မှုကြောင့် ပျက်စီးချို့ယွင်းမှုများကို မိမိအစီအစဉ်ဖြင့် ပြင်ဆင်ရေး၊ သဘာဝဘေးနှင့် နှစ်ကာလကြာမှုကြောင့် အကြီးစား ပျက်စီးမှုများရှိပါက သတင်းပို့တင်ပြရေးနှင့် အိမ်ရာတိုက်များ၊ အဆောင်များ၏ အဆောက်အဦများနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများအား အလင်းဖွင့်ရှင်းလင်းရေးတို့ကို မှာကြားခဲ့သည်။ **သတင်းစဉ်**



# အိမ်မဲမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေးကွင်းဆင်းဆောင်ရွက်

**အိမ်မဲ မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေးကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက မွေးဇံအစုကြီးကျေးရွာအုပ်စု အစုကြီးကျေးရွာတွင် ပြုလုပ်သည်။

ထိုကဲ့သို့ ကွင်းဆင်းဆောင်ရွက်ရာ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အိမ်မဲမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဦး ကြီးကြပ်မှုဖြင့် တိုက်နယ်မှူး ဒေါ်အိအိခင်နှင့် ဝန်ထမ်းများက အစုကြီးကျေးရွာသို့ ကွင်းဆင်း၍ မြေပြင်အရောက် လူကျန်စာရင်းအကွက်အပေါက်များကောက်ယူခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် မရှိသူပြည်သူများ၊ အသက် (၁၀)နှစ်ပြည့်ပြီးသူနှင့် အသက် (၁၈) နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများအား ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် (Biometric) ဇီဝဆိုင်ရာ အချက်အလက်များကောက်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်**

(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူ အသင်းသားများနှင့် ပြည်သူများသို့ အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန် မတ် ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းချက်အရ ၂၀၂၄ ခုနှစ် မတ်လအတွင်း မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် ချိတ်ဆက်၍ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်မှ ထွက်ရှိသော ကြက်သွန်နီ ၁၆၀၀၀ ပိဿာအား ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သမဝါယမအသင်းများနှင့် ပြည်သူများသို့ ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးရန် ရောက်ရှိစဉ်။ အာကာလင်း



# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ရေဝတီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့် ပတ်သက်၍ တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် မတ် ၃၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ သယံဇာတရေးရာဝန်ကြီး ဦးအုံးမြင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်း၌ ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးတွင် တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့်ပတ်သက်၍ တိုင်း/ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာက တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လက်ရှိ ဓာတ်အားထုတ်လုပ်နေမှုကို တိုးတက်မထုတ်လုပ်နိုင်သေးမီကာလတွင် မြို့နယ်အဆင့်များတွင် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့မြို့နယ်များအတွင်း ဓာတ်အားခကြွေးကျန်များ အပြည့်အဝရရှိရေးနှင့် တရားမဝင်ဓာတ်အား ရယူသုံးစွဲမှုများ မရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ကြောင်း၊ မိမိတို့ဌာနအနေဖြင့် အများပြည်သူနှင့် ဆက်ဆံ၍ ဝန်ဆောင်မှုပေးနေရသည့် ဌာနဖြစ်သဖြင့် ယဉ်ကျေးပျူငှာစွာဆက်ဆံပြီး ပြည်သူကို အကောင်းဆုံးဝန်ဆောင်မှုပေးရန်နှင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကို အလေအလွင့် ဆုံးရှုံးမှုမရှိစေရေး ဂရုစိုက်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိအား ပေးအပ်ထားသောတာဝန်ကို ကျေပွန်စွာထမ်းဆောင်သွားရန် လိုအပ်ပြီး ဝန်ထမ်းများ၏ ဆောင်ရွက်မှုများအပေါ် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ/ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများက အဆင့်ဆင့်စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ ပုံရိပ်ကို မြှင့်တင်၍ ပြည်သူလူထုလေးစားရသော ဝန်ထမ်းများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း လုံခြုံရေးအသိ၊ သတိဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားပြီး



**(အပေါ်ပုံ)** ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ သိရှိထားသင့်သည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးမှာကြားကာ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် တာဝန်ရှိသူများနှင့်အတူ ကန်ကြီးထောင့်မြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပုသိမ်ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ကာ Switch Yard အတွင်း 230 kV Transformer တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် လက်ရှိဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ၏ ဝန်အားထိန်းညှိဖြန့်ဖြူးပေးနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စံဝေါဟာရရွေးချယ်ခြင်း လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မတ် ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းနှင့် Global Direct Link Co.,Ltd တို့ အကျိုးတူ ဆောင်ရွက်လျက်ရှိသည့် The Global New Light of Myanmar သတင်းစာတွင် အသုံးအနှုန်းနှင့် နေ့စဉ်သုံးစွဲနေသော ဝေါဟာရများအား စံတစ်ခုအနေဖြင့် ပိုမိုစနစ်တကျရှိစေရန် သတင်းစာ စာတည်းဌာနမှ ဘာသာပြန်ဆိုခြင်း လုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ Novotel Yangon Max Hotel ၌ ကျင်းပသည်။(အပေါ်ယာပုံ)




ဦးစွာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်ဆွေက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ညွှန်ကြားရေးမှူး မစ္စဖန်လီဖင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် The Global New Light of Myanmar သတင်းစာ အကြံပေးပုဂ္ဂိုလ် ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က ဆွေးနွေးညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ကာ ပညာရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စာတည်းဌာနက အဆိုပြု တင်ပြထားသော သတင်းစာတိုက်၏ သတင်းစာအသုံးအနှုန်းနှင့် နေ့စဉ်သုံးစွဲနေသည့် ဝေါဟာရများ အနက်မှ အချို့ကို စိတ်ပါဝင်စားစွာ ဆွေးနွေးကြပြီး သင့်လျော်သော စကားအသုံးအနှုန်းများကို ရွေးချယ်ခဲ့ကြသည်။

ထို့နောက် စာတည်းမှူးချုပ် ဦးအောင်သူရက ကျေးဇူးတင်စကားပြောကြားပြီး သတင်းစာတိုက်မှ တာဝန်ရှိသူများက တက်ရောက်လာသော ပညာရှင်များနှင့် ဧည့်သည်တော်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့သည်။

အလုပ်ရုံ ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများနှင့်လုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ညွှန်ကြားရေးမှူး မစ္စဖန်လီဖင်း၊ သတင်းမီဒီယာကဏ္ဍမှ ဝါရင့်ဘာသာပြန်ပညာရှင်များ၊ The Global New Light of Myanmar သတင်းစာတွင် တာဝန် ထမ်းဆောင်ခဲ့သော အငြိမ်းစား စာတည်းမှူးချုပ်များနှင့် လက်ရှိတာဝန်ထမ်းဆောင်နေသော ဘာသာပြန်ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# တောင်ငူမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး၌ ယနေ့နံနက်ပိုင်းက ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းစသည့် ဆေးရုံဝင်း အတွင်း/အပြင်၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အောင်မြေသာစံမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကြာကံကျောင်းတိုက်ရှိ သံဃာတော်များနှင့် ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက အဆိုပါ ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် ဖ၈ ပါးနှင့် ဒေသခံပြည်သူ ၁ဂ၈ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေပြဌာန်း

*(ယမန်နေ့မှအဆက်)*

၉။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် နိုင်ငံတော်၏ ရေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထား ဆောင်ရွက်ရမည်။ ထို့ပြင် မြေပြင်အခြေအနေအရ အရေးပေါ်ဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်များနှင့် မူလအခြေအနေအတိုင်း ဆောင်ရွက်ရန် အခက်အခဲရှိသည့် ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များနှင့် ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၂။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး သို့မဟုတ် ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သောစီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် နိုင်ငံတော် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် စီမံကိန်းများ ပါဝင်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိက လုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၄။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီးဖြစ်ရမည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိပြီးသော လုပ်ငန်းစီမံကိန်းများလည်း ဖြစ်ရမည်။ နိုင်ငံတော်၏ အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ်အတွင်း ထည့်သွင်းစိစစ် အတည်ပြုထားသည့် ဗျူဟာမြောက်စီမံကိန်းများကို နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။

၁၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှ စတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် တာဝန်ရှိ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ရမည်။

၁၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပူးတွဲ-၁

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း
ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂၂,၁၇၁,၅၃၄.၇** | **၂၃.၆** | **၃.၄** | **၂၂,၅၉၇,၂၂၆.၄** | **၂၃.၁** | **၁.၉** |
| | ၁ | လယ်ယာ | ၁၄,၂၂၉,၇၁၈.၈ | ၁၅.၁ | ၄.၆ | ၁၄,၅၉၀,၈၈၈.၀ | ၁၄.၉ | ၂.၅ |
| | ၂ | သားငါး | ၇,၉၀၅,၆၈၃.၀ | ၈.၄ | ၁.၃ | ၇,၉၆၆,၆၃၂.၅ | ၈.၁ | ၀.၈ |
| | ၃ | သစ်တော | ၃၆,၁၃၂.၉ | ၀.၁ | -၆.၈ | ၃၉,၇၀၅.၉ | ၀.၁ | ၉.၉ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၃၁,၄၇၃,၈၉၆.၁** | **၃၃.၄** | **၂.၂** | **၃၂,၅၈၆,၈၇၀.၀** | **၃၃.၄** | **၃.၅** |
| | ၁ | စွမ်းအင် | ၂,၃၅၈,၆၀၁.၀ | ၂.၅ | -၁၂.၂ | ၂,၂၀၅,၁၇၉.၇ | ၂.၂ | -၆.၅ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၈၄,၅၂၆.၂ | ၀.၆ | ၄.၃ | ၆၄၂,၀၂၇.၇ | ၀.၇ | ၉.၈ |
| | ၃ | စက်မှုလက်မှု | ၂၁,၈၃၈,၉၇၈.၆ | ၂၃.၂ | ၃.၉ | ၂၂,၇၅၅,၉၉၉.၄ | ၂၃.၃ | ၄.၂ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၂၈၆,၂၈၁.၇ | ၁.၄ | ၀.၄ | ၁,၃၆၇,၄၇၀.၄ | ၁.၄ | ၆.၃ |
| | ၅ | ဆောက်လုပ်မှု | ၅,၄၀၅,၅၀၈.၆ | ၅.၇ | ၃.၀ | ၅,၆၁၆,၁၉၂.၈ | ၅.၈ | ၃.၉ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၄၀,၄၂၅,၂၇၂.၁** | **၄၃.၀** | **၄.၆** | **၄၂,၄၄၈,၃၅၂.၀** | **၄၃.၅** | **၅.၀** |
| | ၁ | ပို့ဆောင်ရေး | ၁၁,၀၉၃,၆၄၃.၂ | ၁၁.၈ | ၅.၈ | ၁၁,၈၂၅,၃၉၇.၄ | ၁၂.၁ | ၆.၆ |
| | ၂ | ဆက်သွယ်ရေး | ၃,၀၉၃,၀၉၄.၆ | ၃.၃ | ၇.၀ | ၃,၃၁၉,၅၁၃.၉ | ၃.၄ | ၇.၃ |
| | ၃ | ငွေရေးကြေးရေး | ၄၇၁,၃၃၉.၃ | ၀.၅ | ၀.၆ | ၄၈၄,၁၇၈.၀ | ၀.၅ | ၂.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၅၄၄,၇၈၂.၁ | ၃.၈ | ၃.၇ | ၃,၆၈၄,၃၂၄.၁ | ၃.၈ | ၃.၉ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၀၂၄,၃၀၄.၁ | ၃.၂ | ၅.၆ | ၃,၂၁၆,၂၂၃.၃ | ၃.၃ | ၆.၃ |
| | ၆ | ကုန်သွယ်မှု | ၁၉,၁၉၈,၁၀၈.၈ | ၂၀.၄ | ၃.၇ | ၁၉,၉၁၈,၇၁၅.၃ | ၂၀.၄ | ၃.၈ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၉၄,၀၇၀,၇၀၂.၉** | **၁၀၀.၀** | **၃.၅** | **၉၇,၆၃၂,၄၄၈.၄** | **၁၀၀.၀** | **၃.၈** |

ပူးတွဲ-၂

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း
ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၅၃,၆၄၅,၄၃၀.၈** | **၅၇.၀** | **၂.၇** | **၅၅,၁၈၄,၀၉၆.၄** | **၅၆.၅** | **၂.၉** |
| | ၁ | လယ်ယာ | ၁၄,၂၂၉,၇၁၈.၈ | ၁၅.၁ | ၄.၆ | ၁၄,၅၉၀,၈၈၈.၀ | ၁၄.၉ | ၂.၅ |
| | ၂ | သားငါး | ၇,၉၀၅,၆၈၃.၀ | ၈.၄ | ၁.၃ | ၇,၉၆၆,၆၃၂.၅ | ၈.၁ | ၀.၈ |
| | ၃ | သစ်တော | ၃၆,၁၃၂.၉ | ၀.၁ | -၆.၈ | ၃၉,၇၀၅.၉ | ၀.၁ | ၉.၉ |
| | ၄ | စွမ်းအင် | ၂,၃၅၈,၆၀၁.၀ | ၂.၅ | -၁၂.၂ | ၂,၂၀၅,၁၇၉.၇ | ၂.၂ | -၆.၅ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၈၄,၅၂၆.၂ | ၀.၆ | ၄.၃ | ၆၄၂,၀၂၇.၇ | ၀.၇ | ၉.၈ |
| | ၆ | စက်မှုလက်မှု | ၂၁,၈၃၈,၉၇၈.၆ | ၂၃.၂ | ၃.၉ | ၂၂,၇၅၅,၉၉၉.၄ | ၂၃.၃ | ၄.၂ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၂၈၆,၂၈၁.၇ | ၁.၄ | ၀.၄ | ၁,၃၆၇,၄၇၀.၄ | ၁.၄ | ၆.၃ |
| | ၈ | ဆောက်လုပ်မှု | ၅,၄၀၅,၅၀၈.၆ | ၅.၇ | ၃.၀ | ၅,၆၁၆,၁၉၂.၈ | ၅.၈ | ၃.၉ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၁,၂၂၇,၁၆၃.၃** | **၂၂.၆** | **၅.၅** | **၂၂,၅၂၉,၆၃၆.၇** | **၂၃.၁** | **၆.၁** |
| | ၁ | ပို့ဆောင်ရေး | ၁၁,၀၉၃,၆၄၃.၂ | ၁၁.၈ | ၅.၈ | ၁၁,၈၂၅,၃၉၇.၄ | ၁၂.၁ | ၆.၆ |
| | ၂ | ဆက်သွယ်ရေး | ၃,၀၉၃,၀၉၄.၆ | ၃.၃ | ၇.၀ | ၃,၃၁၉,၅၁၃.၉ | ၃.၄ | ၇.၃ |
| | ၃ | ငွေရေးကြေးရေး | ၄၇၁,၃၃၉.၃ | ၀.၅ | ၀.၆ | ၄၈၄,၁၇၈.၀ | ၀.၅ | ၂.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၅၄၄,၇၈၂.၁ | ၃.၈ | ၃.၇ | ၃,၆၈၄,၃၂၄.၁ | ၃.၈ | ၃.၉ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၀၂၄,၃၀၄.၁ | ၃.၂ | ၅.၆ | ၃,၂၁၆,၂၂၃.၃ | ၃.၃ | ၆.၃ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၁၉,၁၉၈,၁၀၈.၈** | **၂၀.၄** | **၃.၇** | **၁၉,၉၁၈,၇၁၅.၃** | **၂၀.၄** | **၃.၈** |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၉၄,၀၇၀,၇၀၂.၉** | **၁၀၀.၀** | **၃.၅** | **၉၇,၆၃၂,၄၄၈.၄** | **၁၀၀.၀** | **၃.၈** |

*စာမျက်နှာ ၁၁ သို့*

## ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပုဂ္ဂလိကကျောင်းများ မှတ်ပုံတင်လျှောက်လွှာတင်သွင်းခြင်းကို ဧပြီ ၁၂ ရက်အထိ ရက်တိုးမြှင့်ခွင့်ပြုပေးထား

**ရန်ကုန် မတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီးရှိ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကို ယမန်နေ့က ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ရက်တိုးမြှင့်ခွင့်ပြုပေးထား**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေးတွင် ပုဂ္ဂလိက ကဏ္ဍကို မြှင့်တင်ခြင်းဖြင့် အသိပညာ၊ အတတ်ပညာများ တတ်မြောက်သော ပညာတတ်များမွေးထုတ်၍ နိုင်ငံတော်၏လူမှုစီးပွား မြင့်မားတိုးတက်လာစေရန် ရည်မှန်းချက်ဖြင့် ပုဂ္ဂလိကကျောင်းများ စနစ်တကျ မှတ်ပုံတင်ပြီး ဖွံ့ဖြိုးလာစေရေးအတွက် ညှိနှိုင်းဆွေးနွေးပေးကြစေလိုပါကြောင်း၊ ယခင်တည်ထောင်ထားသော ပုဂ္ဂလိကကျောင်းများ ပုဂ္ဂလိကပညာရေးဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်လွှာတင်သွင်းခြင်းကို ၂၀၂၄ ခုနှစ် မတ် ၈ ရက် နောက်ဆုံးထားဆောင်ရွက်ရန် ကြေညာခဲ့ပြီး ယခုအခါ နောက်ဆုံးအကြိမ်အဖြစ် ဧပြီ ၁၂ ရက်အထိ ရက်တိုးမြှင့်ခွင့်ပြုပေးထားပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် ပုဂ္ဂလိကကျောင်းများကို မြေပြင်ကွင်းဆင်းစစ်ဆေးမှု အတွေ့အကြုံများ၊ သုံးသပ်ချက်များနှင့် အကြံပြုချက်များကို ပွင့်လင်းစွာ တင်ပြဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးငွေအောင်က ပညာရေးဝန်ကြီးဌာန ပုဂ္ဂလိကကျောင်းများ ကြီးကြပ်ရေးအဖွဲ့၏ မူဝါဒများနှင့် ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ ကွာဟချက်မရှိစေရေးအတွက် ယနေ့ကျင်းပသော ညှိနှိုင်းဆွေးနွေးပွဲက အထောက်အကူပြုမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ပုဂ္ဂလိကကျောင်းများ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များ၊ အကြံပြုချက်များနှင့် သိရှိလိုသည်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် လူမှုရေးရာဝန်ကြီး ဦးငွေအောင်တို့က ပြန်လည်ဆွေးနွေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြသည်။

**စစ်ဆေးကြည့်ရှု**

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် Myanmar Imperial University ကိုရောက်ရှိပြီး စာကြည့်တိုက်၊ စားသောက်ခန်းမ၊ Cafeteria ၊ Theatre ခန်းမ၊ စာသင်ခန်းများ၊ ဖူဆယ်ကွင်း၊ အားကစားခန်းမများနှင့် ပန်းချီ၊ ဂီတအနုပညာခန်းများကို လှည့်လည်ကြည့်ရှုကာ နိုင်ငံခြားတက္ကသိုလ်နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားမှုကို စစ်ဆေးကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် စမ်းချောင်းမြို့နယ်ရှိ အရှေ့တိုင်းကိုယ်ပိုင်အထက်တန်းကျောင်းသို့ရောက်ရှိကာ ကလေးကစားကွင်း၊ အတန်းအလိုက် စာသင်ခန်းများ၊ သိပ္ပံလက်တွေ့ခန်း၊ ဘက်စုံခန်းမ၊ အားကစားခန်းမ၊ ကွန်ပျူတာခန်း၊ ဂီတနှင့် ပန်းချီခန်း၊ စာကြည့်တိုက်နှင့် ဆေးပေးခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်
**အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ် အဝေးသင် သင်တန်း ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၂၆-၁၂-၂၀၂၃ ရက်နေ့မှ စတင်လက်ခံခဲ့ရာ ၃၀-၄-၂၀၂၄ ရက်နေ့ (နောက်ဆုံး) နောက်ဆုံးထား၍ လည်းကောင်း၊ ဒုတိယနှစ်နှင့်အထက် ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၅-၂-၂၀၂၄ ရက်နေ့မှ စတင်လက်ခံခဲ့ရာ ၁၇-၅-၂၀၂၄ ရက်နေ့ (နောက်ဆုံး) နောက်ဆုံးထား၍လည်းကောင်း သက်ဆိုင်ရာတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ခဲ့သော မတ်ပဲ ၄၆၃၉ ဧကအထိ ရိတ်သိမ်းပြီးစီး

**မုံရွာ မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၄၆၃၉ ဧကအထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင် ပြောပြချက်အရ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၄၇၅၀ လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော ဆောင်းသီးနှံမတ်ပဲများကို ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၄၆၃၉ ဧကအထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ကျန်သည့်မတ်ပဲဧကများကို ဆက်လက်ရိတ်သိမ်းလျက်ရှိသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲများကို ရိတ်သိမ်းလျက်ရှိရာ တစ်ဧကလျှင် ၁၃ ဒသမ ၇၈ တင်းအထိ ထွက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အပူဒဏ် ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

ရန်ကုန် မတ် ၃၀ - ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို မတ် ၂၈ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ပြုလုပ်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲမှ တပ်ခွဲမှူး(၁) ဦးချစ်မင်းသူက ယခုအခါ ရာသီဥတုပူပြင်းလာသည့်အတွက် ပြည်သူများအနေဖြင့် အပူဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရန် ဆောင်ရန်/ရှောင်ရန်အချက်များနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောသည်။

နိုင်လင်းအောင် (ပြန်/ဆက်)

## အာဖရိကဦးချိုဒေသ၌ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီလိုအပ်သူ ၇၄ သန်းရှိ

**နိုင်ရိုဘီ မတ် ၃၀**

အာဖရိကဦးချိုဒေသ၌ စားနပ်ရိက္ခာ မဖူလုံသူအရေအတွက်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အကူအညီ လိုအပ်နေသူများမှာ ဖေဖော်ဝါရီလကုန်ပိုင်းတွင် ၇၄ သန်းအထိ တိုးလာသည်ဟု ကုလသမဂ္ဂအစားအသောက်နှင့် စိုက်ပျိုးရေးအဖွဲ့ အစည်းဖြစ်သည့် (အက်ဖ်အေအို)နှင့် အခြားသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက မတ် ၃၀ ရက်တွင် ထုတ်ပြန်သည့်အစီရင်ခံစာအရ သိရသည်။

ဇန်နဝါရီလအတွင်းက စားနပ်ရိက္ခာမဖူလုံသည့်လူဦးရေမှာ ၅၈ ဒသမ ၁ သန်းရှိပြီး ဒေသတွင်းပဋိပက္ခများ မြင့်မားလာခြင်းနှင့် ပြင်းထန်သောရာသီဥတုအခြေအနေများကြောင့် ပိုမိုပြင်းထန်လာခဲ့သည်။ ထိခိုက်ခံစားရသည့် နိုင်ငံများမှာ ဆူဒန်၊ အီသီယိုးပီးယား၊ ကင်ညာ၊ ဂျီဘူတီ၊ အာဖရိကအရှေ့ပိုင်းရှိ တောင်ဆူဒန်နှင့် ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ ဖြစ်ကြသည်။ ကင်ညာနိုင်ငံတွင် အစားအသောက်လုံခြုံစိတ်ချရမှုမရှိသည့် လူပေါင်း ၁ ဒသမ ၅ သန်း ကျော်ရှိပြီး ဆူဒန်နိုင်ငံ၌ ၁၇ ဒသမ ၇ သန်း၊ တောင်ဆူဒန်၌ ၅ ဒသမ ၇ သန်း ရှိသည်ဟု အက်ဖ်အေအိုက ပြောသည်။

ဆူဒန်၏အစားအသောက်ပြဿနာမှာ ပို၍ဆိုးရွားလာဖွယ်ရှိသည်။ ဆူဒန်နိုင်ငံ၌ဖြစ်ပွားနေသည့် ပဋိပက္ခများမှာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာအခြေအနေကို ပို၍ဆိုးရွားစေပြီး အကန့်အသတ်ရှိသည့် ရန်ပုံငွေများကြားမှ ဒုက္ခသည်များရွှေ့ပြောင်း နေထိုင်မှု ပိုမိုများပြားလာစေသည်။ ရာသီဥတုဘေးအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ဆောင်မှုများ အားကောင်းစေရေးအပါအဝင် စားနပ်ရိက္ခာမဖူလုံမှုကို အနီးကပ်စောင့်ကြည့်ရန်လည်း အစီရင်ခံစာတွင် တောင်းဆိုထားသည်။ **ဆင်ဟွာ**

## ရုရှားနိုင်ငံ မော်စကိုမြို့၌ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးသူပေါင်း ၁၄၄ ဦးအထိတိုးလာ

**မော်စကို မတ် ၃၀**

ရုရှားနိုင်ငံ မော်စကိုမြို့ ဆင်ခြေဖုံး တစ်ခုရှိ ကပွဲတစ်ခု၌ အကြမ်းဖက် တိုက်ခိုက်မှုကြောင့် သေဆုံးသူ စုစုပေါင်းမှာ ၁၄၄ ဦးအထိတိုးလာ ကြောင်းနှင့် ဒဏ်ရာရသူ ၅၅၁ ဦး ရှိကြောင်း မတ် ၃၀ ရက်တွင် ဒေသတွင်း အာဏာပိုင်များက ပြောကြားသည်။




မတ် ၃၀ ရက် နံနက် ၆ နာရီအထိ အဆိုပါတိုက်ခိုက်မှုကြောင့် သေဆုံးသူများထဲတွင် ကလေးငါးဦးပါဝင်ပြီး အခြားကလေး ၁၀ ဦးမှာ ဒဏ်ရာရရှိကြောင်း မော်စကိုဒေသဆိုင်ရာ အရေးပေါ်ဌာနက ၎င်း၏ ဝက်ဘ်ဆိုက်တွင် ပြောကြားသည်။

မတ် ၂၂ ရက်က မော်စကို အနောက်မြောက်ပိုင်း၌ Crocus မြို့တော်ခန်းမ၌ တေးဂီတ ဖျော်ဖြေပွဲ ကျင်းပသည့်နေရာကို သေနတ်သမားများက တိုက်ခိုက်ခဲ့ပြီး အဆောက်အအုံကို မီးရှို့ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဆီးရီးယားနိုင်ငံ၌ လေကြောင်းတိုက်ခိုက်မှုအတွင်း လူပေါင်း ၃၀ ကျော် သေဆုံး

**အလက်ပို မတ် ၃၀**

အစ္စရေး၏ လေကြောင်း ပစ်ခတ် တိုက်ခိုက်မှုများကြောင့် ဆီးရီးယားနိုင်ငံ အလက်ပို ပြည်နယ်မြောက်ပိုင်း၌ လူပေါင်း ၃၀ ကျော် သေဆုံးမှုဖြစ်ပွား ကြောင်း အစိုးရတာဝန်ရှိသူများ က ပြောသည်။

ထိခိုက်သေဆုံးသူများထဲတွင် အရပ်သားများနှင့် စစ်ဘက် ဆိုင်ရာတာဝန်ထမ်းဆောင်သူများ ပါဝင်ကြောင်း သောကြာနေ့ တွင် ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ ဗြိတိန်အခြေစိုက် ဆီးရီးယား လူ့အခွင့်အရေး စောင့်ကြည့် လေ့လာရေးအဖွဲ့ က စစ်ဘက်ဆိုင်ရာ တာဝန် ထမ်းဆောင်သူ ၃၆ ဦး သေဆုံး ကြောင်း ပြောသည်။

ထို့ပြင် အဆိုပါ လေ့လာ စောင့်ကြည့်ရေးအဖွဲ့က အစ္စရေး တိုက်ခိုက်မှုတစ်ခုအတွင်း ဆီးရီး ယားပိုင်နက်၌လူအသေအပျောက် အများဆုံးဖြစ်ကြောင်း ပြော သည်။ ယင်းလေကြောင်းပစ်ခတ် တိုက်ခိုက်မှုများသည် ရှီးယားစစ် သွေးကြွအဖွဲ့ဟစ်ဇဘိုလာ အသုံး ပြုသော လက်နက်ဂိုဒေါင်ရုံကို ပစ်မှတ်ထား လုပ်ဆောင်ခြင်း ဖြစ်ကြောင်း သိရသည်။




အင်န်အိတ်ချ်ကေ သတင်း ဌာနက အဆိုပါတိုက်ခိုက်မှုများ နှင့်ပတ်သက်ပြီး ၎င်းကို ပါဝင်ခြင်း ရှိ မရှိ မေးမြန်းရာတွင် အစ္စရေး တပ်ဖွဲ့ဘက်က မှတ်ချက်ပေးရန် ငြင်းဆိုခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## အင်တာပိုလ်မှ အလိုရှိနေသည့် သံသယရှိသူနှစ်ဦးကို အစ္စတန်ဘူလ်၌ ဖမ်းဆီး

**အင်ကာရာ မတ် ၃၀**

တူကီယဲရဲတပ်ဖွဲ့သည် အင်တာပိုလ်အနီရောင်ကြေညာချက် (Interpol Red Notice) အရ နိုင်ငံတကာက ရှာဖွေနေသော သံသယရှိသူနှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း တူကီယဲပြည်ထဲရေးဝန်ကြီး အလီ ယာလီကာယာက သောကြာနေ့တွင် ပြောသည်။

တရားမဝင်အဖွဲ့လှုပ်ရှားမှုများ၊ လူမှောင်ခိုကူးမှုများအတွက် အလိုရှိနေသော တဲလ်ဂတ်သ်နှင့် လိမ်လည်မှုများအတွက် အလိုရှိနေ သော မာရှတ်သ်ရာချီရှော့ဗ်တို့နှစ်ဦးကို နိုင်ငံ၏ အကြီးဆုံးမြို့တော် အစ္စတန်ဘူလ်၌ ရဲတပ်ဖွဲ့အထူးလှုပ်ရှားဆောင်ရွက်မှုအတွင်း ဖမ်းဆီး နိုင်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဝန်ကြီးက လူမှုကွန်ရက်မီဒီယာတစ်ခု ဖြစ်သည့် X သို့ ပြောသည်။

သို့သော်လည်း အထူးလှုပ်ရှားဆောင်ရွက်သော အချိန်ကိုဖော်ပြ ထားခြင်းမရှိသလို သံသယရှိသူများ၏ အသေးစိတ်အချက်အလက် များကိုလည်း ထုတ်ဖော်ပြောကြားထားခြင်းမရှိပေ။ အဆိုပါ အထူး လှုပ်ရှားဆောင်ရွက်မှုကို နိုင်ငံတော်နှင့် ပြည်နယ်ရာဇဝတ်မှုတိုက်ဖျက် ရေးအဖွဲ့များက ပူးတွဲဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်ပြော သည်။ သံသယရှိသူများကို သက်ဆိုင်ရာလွှဲပြောင်းရေးဌာနများသို့ ပို့ဆောင်ခဲ့ကြောင်း အလီယာလီကာယာက ပြောသည်။ **ဆင်ဟွာ**



အစ္စရေး ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု

## ဟားမားစ်နှင့် ဆွေးနွေးမှုများ ပြန်လည်စတင်ရန် အစ္စရေးအတည်ပြု

**ဂါဇာ မတ် ၃၀**

အစ္စရေးဝန်ကြီးချုပ်က အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ ပြန်လွှတ်ပေးရေးတို့အတွက် ဆွေးနွေးပွဲများပြန်လည်စတင်ရန် ခွင့်ပြုပေးလိုက်ပြီဖြစ်ရာ လာမည့်ရက်အနည်းငယ်အတွင်း ဟားမားစ်တို့နှင့် စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရန် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်မည်ဖြစ်ကြောင်း အစ္စရေးတို့ကပြောသည်။

အဆိုပါကြေညာချက်ကို အစ္စရေးဝန်ကြီးချုပ်ရုံးက မတ် ၂၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။ လာမည့်ရက်အနည်းငယ်အတွင်း နောက်ထပ်ဆွေးနွေးပွဲပြုလုပ်ရန် ဘင်ဂျမင်နေတန်ယာဟုက ခွင့်ပြုပေးခဲ့သည်။ ကိုင်ရိုမြို့ သို့မဟုတ် ဒိုဟာမြို့တို့တွင်ပြုလုပ်မည်ဖြစ်သည်။ ဟားမားစ်တို့သည် အစ္စရေးနှင့် စေ့စပ်ညှိနှိုင်းမှုကို ကန့်ကွက်ခြင်းမရှိသည့်အတွက် ဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ခြေတိုးမြင့်လာသည်။

ကာတာနိုင်ငံနှင့် အခြားသောနိုင်ငံများသည် ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ပြီးခဲ့သည့်တနင်္လာနေ့က ဟားမားစ်တို့သည် အစ္စရေးနှင့် အခြားသောသူများ၏ တောင်းဆိုချက်များကို ပယ်ချခဲ့ပြီး အမြဲတမ်းအပစ်အခတ်ရပ်စဲရေးကိုသာ တောင်းဆိုခဲ့သည်။ အစ္စရေးဘက်မှလည်း ပါလက်စတိုင်းအုပ်စု၏တောင်းဆိုချက်ကို ငြင်းပယ်ခဲ့ရာ စေ့စပ်ညှိနှိုင်းသူများသည် ဆွေးနွေးပွဲကို ဆိုင်းငံ့ထားရသည်။ ယင်းအချိန်တွင် အစ္စရေးတပ်ဖွဲ့ဝင်များသည် ဂါဇာကမ်းမြောင်ဒေသတွင် လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ဂါဇာမြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် အစ္စရေးတို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အမျိုးသမီးနှင့် ကလေးများ အပါအဝင် ၂၀ ထက်မနည်း သေဆုံးခဲ့သည်ဟု မတ် ၂၉ ရက်က ပြည်တွင်းမီဒီယာတွင် ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

## ဂရိနိုင်ငံ အနောက်တောင်ပိုင်း၌ ငလျင်လှုပ်မှုဖြစ်ပွား

**အေသင် မတ် ၃၀**

ဂရိနိုင်ငံအနောက်တောင်ပိုင်း၌ မတ် ၂၉ ရက်က ပြင်းအား ၅ ဒသမ ၇ အဆင့်ရှိ ငလျင်လှုပ်မှုဖြစ်ပွားကြောင်း ဘူမိသိပ္ပံပညာဆိုင်ရာ ဂျီအက်ဖ်ဇက်ဂျာမန်သုတေသနစင်တာက ပြောကြားသည်။

ငလျင်အနက်မှာ ၁၀ ဒသမ ၀ ကီလိုမီတာရှိပြီး ငလျင်ဗဟိုချက်မှာ ကနဦးတွင် မြောက်လတ္တီကျူ ၃၇ ဒသမ ၄၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၂၁ ဒသမ ၂၃ ဒီဂရီရှိကြောင်း သိရသည်။ နောက်ဆက်တွဲငလျင်များ ဆက်လက်လှုပ်ချိန်အထိ ငလျင်ကြောင့် ဒဏ်ရာရရှိသူနှင့် သိသိသာသာပျက်စီးမှုများ မရှိကြောင်း၊ မိနစ်အနည်းငယ်အကြာတွင် ပြင်းအား ၅ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခုထပ်မံလှုပ်ခတ်ခဲ့ကြောင်း သိရသည်။ ဂရိနိုင်ငံသည် မြေငလျင်လှုပ်မှုအမြင့်ဆုံးဒေသတစ်ခု အတွင်းတည်ရှိပြီး ငလျင်လှုပ်မှုမကြာခဏဖြစ်ပွားကြောင်း သိရသည်။ **ဆင်ဟွာ**

## ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေး၏တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းသေဆုံးသူ ၃၂၇၀၅ ဦးအထိတိုးလာ

**ဂါဇာ မတ် ၃၀**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေး၏ဆက်လက်တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းသေဆုံးသူပေါင်း ၃၂၇၀၅ ဦးအထိ တိုးလာကြောင်း ဟားမားစ်ကျန်းမာရေးဝန်ကြီးဌာနက မတ် ၃၀ ရက်တွင် ပြောကြားသည်။

ပါလက်စတိုင်းကမ်းရိုးတန်းဒေသ၌ မတ် ၂၉ ရက်က အစ္စရေး တပ်ဖွဲ့၏တိုက်ခိုက်မှုကြောင့် ၈၂ ဦးသေဆုံးပြီး အခြား ၉၈ ဦးမှာ ဒဏ်ရာရရှိကြောင်း ဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က အစ္စရေး - ဟားမားစ် ပဋိပက္ခစတင်ဖြစ်ပွားသည့်အချိန်မှစကာ ပါလက်စတိုင်း သေဆုံးသူပေါင်း ၃၂၇၀၅ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၇၅၁၉၀ ရှိပြီဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ **ဆင်ဟွာ**

# နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ ၂၀၂၄ ခုနှစ်၊ အမျိုးသားပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၃၀

**နေပြည်တော် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ်၊ အမျိုးသားပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲများကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အားကစားရုံ၌ ကျင်းပသည်။**

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ ၂၀၂၄ ခုနှစ်၊ အမျိုးသားပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲများ၏ ဗိုလ်လုပွဲစဉ်ကို ကြည့်ရှုအားပေးသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်လူရွယ်များ မရှိမဖြစ်လိုအပ်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးကြီးပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန်မှာလည်း အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် ဆောင်ရွက်တတ်ကြရန် လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် လူငယ်လူရွယ်များအနေနှင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး စည်းလုံးညီညွတ်မှုအင်အားကို အလေးထားတတ်လာမည်ဖြစ်ပါကြောင်း၊ နေပြည်တော်ဟိုတယ်ဇုန်ကဲ့သို့ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဟိုတယ်ဇုန်များကလည်း မိမိတို့ဇုန်အလိုက် ယခုကဲ့သို့ အားကစားပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးစေလိုပါကြောင်း၊ ဟိုတယ်များရှိ ဝန်ထမ်းများအနေနှင့် ဝန်ဆောင်မှုပေးရသော ဝန်ထမ်းများဖြစ်သဖြင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး လုပ်ငန်းခွင်ပျော်၍ လုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ မိုက်ခ် (MICE) ခရီးသွားလုပ်ငန်းသာမက အားကစားခရီးသွားလုပ်ငန်းတို့ကိုပါ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။



ထို့နောက် နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာ ကျော်မင်းထွန်းက ပြိုင်ပွဲဖြစ်ပေါ်လာပုံနှင့် ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ နေပြည်တော် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး၊ နေပြည်တော်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌတို့က ပြိုင်ပွဲကျင်းပရေး ဒါရိုက်တာများ၊ အမှတ်ပေးအကဲဖြတ်ဒိုင်လူကြီးများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသူများ၊ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဆုရရှိသည့် ဟိုတယ်အသင်းများကို ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ဂုဏ်ပြုဆုငွေများနှင့် ဆုတံဆိပ်များကို ချီးမြှင့်ကြသည်။

ထို့နောက် ပြိုင်ပွဲဝင်ဟိုတယ်များအားလုံးကိုယ်စား ရွှေနန်းတော်ဟိုတယ်မှ ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားပြီး အမှတ်တရမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# နွေရာသီအခြေခံအင်္ဂလိပ်စာ (Grammar)သင်တန်းနှင့် အခြေခံပန်းချီသင်တန်းဆင်း

**ဘားအံ မတ် ၃၀**

ကျောင်းသားလူငယ်များ နွေရာသီကျောင်းပိတ်သည့် အားလပ်ရက်များတွင် အချိန်ကိုအကျိုးမဲ့ မကုန်ဆုံးစေဘဲ အသိပညာ၊ အတတ်ပညာများ ကြွယ်ဝစေရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘားအံခရိုင်ရုံးတွင် သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ မတ် ၂၉ ရက် နံနက် ၈ နာရီက နွေရာသီအခြေခံအင်္ဂလိပ်စာ (Grammar) သင်တန်းနှင့် အခြေခံပန်းချီသင်တန်းဆင်းပွဲများကို လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



အဆိုပါသင်တန်းများကို ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပန်းချီပညာရှင်များနှင့် ကရင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျောင်းသား ကျောင်းသူ၊ လူငယ်၊ လူရွယ်များအတွက် စိတ်ဓာတ်၊ ပညာအားကောင်းစေမည့်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့် ယခုကဲ့သို့ သင်တန်းများကို ဖွင့်လှစ်ပေးနိုင်အောင် အမြဲမပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး သင်တန်းများ ပြီးစီးသွားပါကလည်း သင်ကြား တတ်မြောက်ခဲ့သည်များကို အကျိုးဖြစ်ထွန်းစေရန်၊ ကျွမ်းကျွမ်းကျင်ကျင် ပိုင်ပိုင်နိုင်နိုင်ဖြစ်လာစေရန် ဆက်လက်ကြိုးစား လေ့ကျင့်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်က သင်တန်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်**(အပေါ်ဝဲပုံ)**၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးတို့က အခြေခံအင်္ဂလိပ်စာ Grammar သင်တန်း၊ အခြေခံပန်းချီသင်တန်းတို့တွင် သင်တန်းထူးချွန်ဆုရရှိကြသူများကို ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ယနေ့ သင်တန်းဆင်းပွဲတွင် နွေရာသီအခြေခံပန်းချီသင်တန်း၌ သင်တန်းသား သင်တန်းသူ ၆၀၊ အခြေခံအင်္ဂလိပ်စာ သင်တန်း၌ သင်တန်းသား သင်တန်းသူ ၃၅ ဦး သင်တန်းဆင်းခဲ့ကြပြီး သင်တန်းကာလ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

**မော်လမြိုင် မတ် ၃၀**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယမန်နေ့က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှု ကျူးလွန်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အရေးယူခံရမည့်အပြင် ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေနိုင်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သိရှိရှောင်ကြဉ်ရန်လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား ယုံကြည်မှု တည်ဆောက်ရာတွင် အရေးပါသည့် ပေါင်းကူးတံတားသဖွယ်ဖြစ်သည့်အတွက် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ် တည်ကြည်မှုရှိရန်၊ တာဝန်ယူ / တာဝန်ခံမှု ရှိရန်၊ ပွင့်လင်းမြင်သာစွာဖြင့် မျှတစွာ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**



ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးဝင်းတည်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး စုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းထွန်းက အဂတိလိုက်စားမှုသဘောသဘာဝများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို တက်ရောက် လာကြသူများက သိရှိလိုသည်များ မေးမြန်းခြင်းအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၃၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၈ | (ည) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၆၂၀၁ ကျပ်မှ ကျပ် ၁၈၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၄၁၈၈ကျပ် |
| | (ဋ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၈၀၀၁ ကျပ်မှ ကျပ် ၂၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၆၃၇ ကျပ် |
| | (ဌ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၀၀၀၁ ကျပ်မှ ကျပ် ၂၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၂၇၂ ကျပ် |
| | ( ဍ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၂၀၀၁ကျပ်မှ ကျပ် ၂၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၇၄၅ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၄၀၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏၆၀ ရာခိုင်နှုန်း |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ ရာခိုင်နှုန်း |
| ၁၀ | (က) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁ ကျပ်မှ ကျပ် ၁၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၆ ကျပ် |
| | ( ခ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၄၀၁ ကျပ်မှ ကျပ် ၂၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၄၀ ကျပ် |
| | ( ဂ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၆၀၁ ကျပ်မှ ကျပ် ၄၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၇၃၇ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၁၀၁ ကျပ်မှ ကျပ် ၅၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၀၆၇ ကျပ် |
| | ( င ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၅၆၀၁ ကျပ်မှ ကျပ် ၇၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၃၉၇ ကျပ် |
| | ( စ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၁၀၁ ကျပ်မှ ကျပ် ၈၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၂၇ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၈၆၀၁ ကျပ်မှ ကျပ် ၁၀၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၀၅၇ ကျပ် |
| | ( ဇ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၁၀၁ ကျပ်မှ ကျပ် ၁၁၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၃၈၇ ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၁၆၀၁ ကျပ်မှ ကျပ် ၁၃၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၇၁၇ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၁၀၁ ကျပ်မှ ကျပ် ၁၆၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၁၂ ကျပ် |
| | ( ဋ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၆၁၀၁ ကျပ်မှ ကျပ် ၁၉၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၈၇၂ ကျပ် |
| | ( ဌ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၉၁၀၁ ကျပ်မှ ကျပ် ၂၂၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၃၂ ကျပ် |
| | ( ဍ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၁၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း |
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ။ | | ၅ ရာခိုင်နှုန်း |
| ၁၂ | (က) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများနှင့် ဘက်ထရီလျှပ်စစ်ကား [Battery Electric Vehicle (BEV)] များမှအပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၁၀ ရာခိုင်နှုန်း |
| | ( ခ ) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများနှင့် ဘက်ထရီ လျှပ်စစ်ကား [Battery Electric Vehicle (BEV)] များမှအပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး(Coupe) ကားများ။ | | ၃၀ ရာခိုင်နှုန်း |
| | ( ဂ ) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများနှင့် ဘက်ထရီလျှပ်စစ်ကား [Battery Electric Vehicle (BEV)] များမှအပ ၄၀၀၁ CC နှင့် အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀ ရာခိုင်နှုန်း |
| ၁၃ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ ရာခိုင်နှုန်း |
| ၁၄ | သဘာဝဓာတ်ငွေ့။ | | ၈ ရာခိုင်နှုန်း |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်။ ဖော်ပြပါ အထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန်မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည် -

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သစ်လုံး၊ သစ်ခွဲသားများ။ | ၁၀ ရာခိုင်နှုန်း |

(ဂ) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော အထူးကုန်စည်ခွန်ကို ပြန်လည်ပေးဆောင်ရမည်။

၁၂။ ဤဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်းကျပ်သိန်း ၂၀၀ တိတိထက်မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏ အခန်း (၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း (၆)

## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

### ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ

(က) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| **စားသောက်ကုန်စည်များ** | |
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ၊ ဂျုံစေ့၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း၊ အစေ့ထုတ်ပြောင်းနှင့် ပြောင်းစေ့အမျိုးမျိုး။ |
| ၂ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ၊ မြေပဲတောင့်၊ မြေပဲဆန်၊ နှမ်း၊ ပန်းနှမ်း၊ မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ်စသည့် ဆီကြိတ်ပြီးအဖတ်များ။ |
| ၃ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ၊ ငရုတ်သီး၊ ငရုတ်သီးမှုန့်၊ နနွင်း၊ နနွင်းမှုန့်၊ ချင်း၊ မန်ကျည်းမှည့်၊ ဆားအမျိုးမျိုး။ |
| ၄ | သစ်သီးစိမ်းအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ။ |
| ၅ | လက်ဖက်စို၊ လက်ဖက်ခြောက်၊ လက်ဖက်အချိုခြောက်၊ ပြုပြင်ထုပ်ပိုးထားသည့် လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၆ | ငါးစို၊ ပုစွန်စို၊ အသားစိုနှင့် ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၇ | ပဲဆီ၊ နှမ်းဆီ။ |
| ၈ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ၊ ပဲနို့၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး၊ ဒိန်ချဉ်။ |
| ၉ | ခရင်မာ (Creamer) များ။ |
| ၁၀ | ငံပြာရည်အမျိုးမျိုး၊ ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး၊ ငါးချဉ်၊ ပုစွန်ချဉ် အမျိုးမျိုး၊ ပုစွန်ဖွဲ၊ ငါးပေါင်းမှုန့်၊ ငါးပိအမျိုးမျိုး။ |
| **စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာကုန်စည်များ** | |
| ၁၁ | ပိုးစာရွက်၊ ပိုးအိမ်။ |
| ၁၂ | သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ၊ ကုန်းနေသတ္တဝါများ၊ ရေနေသတ္တဝါများ၊ ကုန်းတစ်ပိုင်းရေတစ်ပိုင်းနေသတ္တဝါများ၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်များ၊ မျိုးစိတ်များ၊ ရေတွင်ပေါက်ပွားသည့် အပင်များနှင့်မျိုးစေ့များ၊ အပင်ပေါက်များ၊ ရေညှိရေမှော်များ။ |
| ၁၃ | စိုက်ပျိုးရေးလုပ်ငန်းများတွင် အပင်များကြီးထွားသန်မာပြီး သီးပွင့်မှုအားကောင်းစေရန် အသုံးပြုသော မြေဆီ၊ ဓာတ်မြေဩဇာအပါအဝင် မြေဩဇာအမျိုးမျိုး၊ လယ်ယာစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ မှို၊ ဗက်တီးရီးယား၊ နီမတုတ်များနှင့် အခြားရောဂါကျရောက်မှုမရှိစေရေး စိုက်ပျိုးရေးသုံးရောဂါကာကွယ်ဆေးနှင့် ရောဂါသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးသုံးခြံဖျန်းဆေးအမျိုးမျိုး (စပရေး၊ ကြွက်သတ်ဆေးများမပါဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့် ကာကွယ်ဆေးများ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်မှတ်ရရှိပြီးဆေးဝါးနှင့် ကာကွယ်ဆေးများ အပါအဝင်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ပေးသည့် ထောက်ခံချက်ရရှိထားသော ဆေးဝါးများအပါအဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာထုတ်လုပ်ရန် ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ (အိမ်မွေးတိရစ္ဆာန်များအတွက် အသုံးပြုသော တိရစ္ဆာန်အစားအစာများမပါဝင်)။ |
| ၁၄ | ဆီအုန်း၊ နေကြာစေ့၊ ဝါစေ့၊ ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့၊ ကွမ်းသီး၊ ကွမ်းသီးခွံ၊ သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၁၅ | ဝါကုန်ကြမ်း၊ ဝါအမျိုးမျိုး၊ ဖာလာ၊ သနပ်ခါးနှင့် အခြားနေရာတွင် သီးခြား ဖော်ပြထားခြင်းမရှိသည့် လယ်ယာကိုင်းကျွန်းဥယျာဉ်ထွက်ကုန်များ၊ အုန်းဆီ (စားအုန်းဆီမဟုတ်)။ |
| ၁၆ | အုန်းဆံချည်ခင်။ |
| ၁၇ | ထင်း၊ ဝါး၊ ကြိမ်အကြမ်းအချော၊ ထင်းအစားထိုး လောင်စာတောင့်။ |
| **ကျောင်းသုံး၊ ရုံးသုံးကုန်စည်များ** | |
| ၁၈ | ချိပ်များ၊ တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ် အပါအဝင်)။ |
| ၁၉ | နိုင်ငံတော်အလံ။ |
| ၂၀ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ၊ ခဲတံလုပ်ရန်ခဲဆံ။ |
| ၂၁ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ အခြေခံကျောင်း၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုး၊ သုတရသစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့် သတင်းစာအမျိုးမျိုး၊ ယင်းစာအုပ်စာပေများ ထုတ်လုပ်ရန် စက္ကူများ (40 gsm မှ 80 gsm အတွင်းသာ)၊ ခဲတံအမျိုးမျိုး၊ ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ

| | |
|---|---|
| **ကျန်းမာရေးဆိုင်ရာကုန်စည်များ** | |
| ၂၂ | ပရဆေးများ။ |
| ၂၃ | ခြင်ဆေးအမျိုးမျိုး။ |
| ၂၄ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၅ | ခေတ်မှန်ဖလင်ကော်ပြား၊ ခေတ်မှန်ရိုက်ပစ္စည်းကိရိယာ တန်ဆာပလာများနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက သတ်မှတ်သည့် ဆေးဘက်ဆိုင်ရာသုံးပစ္စည်းကိရိယာတန်ဆာပလာများ၊ ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန် ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံသုံး တစ်ခါသုံး နှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ် (Surgical Glove)၊ တုပ်ကွေးရောဂါကူးစက်ခြင်းအား ကာကွယ်ရန်တပ်ဆင်သည့် နှာခေါင်းစည်း၊ အိမ်သုံးဆေးဝါး၊ အခြားလူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (ဥပဒေ၊ နည်းဥပဒေများဖြင့် ကန့်သတ်ထားသော ဆေးဝါးများမှအပ FDA မှတ်ပုံတင်လက်မှတ်ရရှိပြီး ဆေးဝါးများ၊ တိုင်းရင်းဆေးဝါးကုန်ကြမ်းများအပါအဝင် ဆေးဝါးကုန်ကြမ်းများ)။ |
| ၂၆ | ကွန်ဒုံး(Condom)။ |
| **ဘာသာရေးနှင့်လူမှုရေးသုံးကုန်စည်များ** | |
| ၂၇ | စိပ်ပုတီးအမျိုးမျိုး (အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများမပါဝင်)၊ သာသနာရေးဆိုင်ရာ အဝတ်အထည်များ။ |
| ၂၈ | မီးသတ်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ နာရေးယာဉ်များ။ |
| **သယ်ယူပို့ဆောင်ရေးဆိုင်ရာကုန်စည်များ** | |
| ၂၉ | စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၃၀ | ပြည်တွင်းပြည်ပ ပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန်ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၃၁ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံးစက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏အရန်နှင့် အပိုပစ္စည်း။ |
| **စက်မှုလုပ်ငန်းသုံးကုန်စည်များ** | |
| ၃၂ | အရောင်ချွတ်ဖတ် (အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hypochloride များသာ)၊ ဆပ်ပြာမှုန့် ပြုလုပ်မည့် ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့် ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၃၃ | ဂုန်လျှော်နှင့် အခြားလျှော်များ၊ ကြက်ပေါင်စေး၊ လျှော်ဖြူစေး (ခေါ်) ဆေးကုလားမ။ |
| ၃၄ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ ထွန်စက်များ၊ မြေပြုပြင်ထွန်ယက်သည်မှ သီးနှံရိတ်သိမ်းခြွေလှေ့ အခြောက်ခံသည်အထိ လူ သို့မဟုတ် တိရစ္ဆာန်၏လုပ်အားနှင့် တွဲဖက်၍သော်လည်းကောင်း၊ စက်စွမ်းအား သီးသန့်သော်လည်းကောင်း ဆောင်ရွက်နိုင်သောကိရိယာ၊ စက်နှင့်စက်အပိုပစ္စည်းအမျိုးမျိုး (မော်တော်ယာဉ်ဥပဒေအရ မှတ်ပုံတင်ရန်လိုအပ်သော ယာဉ်ယန္တရားများမှအပ)၊ မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ မျိုးမြှင့်သားစပ်ရာတွင် အသုံးပြုရန် မျိုးရည်၊ မျိုးချောင်း၊ မျိုးဥ (အေးခဲမျိုးရည်အပါအဝင် သန္ဓေသားလောင်းနှင့် မေထုန်မဲ့သားစပ်လုပ်ငန်းသုံးကိရိယာများ)။ |
| ၃၅ | နေရောင်ခြည်စွမ်းအင်များ ထုတ်လုပ်ပေးနိုင်သည့်အချပ်များ [PV Module/ Solar Module/ PV Panel/ Solar Panel/ Solar Panel 92 Watt CIGS (Copper Indium Gallium Selenide)]၊ နေရောင်ခြည်စွမ်းအင်သုံး ပေါင်းစပ်ထိန်းချုပ်ကိရိယာ [PV / Solar (Hybrid / Smart Array) Controller, Charge Controller for PV/ Solar]၊ နေရောင်ခြည်စွမ်းအင်သုံးအင်ဗာတာ (စထရင်း/ပေါင်းစပ်/ဘက်ထရီ/နှစ်မျိုးသုံး/ပင်မ) [PV / Solar Inverter (String / Hybrid / Battery / Bidirectional / Central)]၊ အိမ်သုံးတပ်ဆင်မှုပုံစံများ (ခေါင်မိုးနှင့် မြေပြင်တွင်တပ်ဆင်ခြင်း) [PV / Solar Mounted Structure, Solar / PV Mounted Frames, Solar / PV Mounted Kits (Roof and Ground Mounted)]၊ နေရောင်ခြည်စွမ်းအင်တပ်ဆင်မှုစနစ် (ရေပေါ်တွင်တပ်ဆင်ခြင်း) [PV / Solar Mounted System (Floating)]၊ နေရောင်ခြည်စွမ်းအင်သုံး ထိန်းချုပ်ကိရိယာနှင့် ဘက်ထရီပုံး [(PV / Solar Controller and Battery Box) (PV / Solar Controller နှင့် Battery တွဲလျက် တင်သွင်းခြင်းအတွက်သာ)]။ |
| ၃၆ | ဘက်ထရီလျှပ်စစ်သုံး သုံးဘီးတပ်ယာဉ်များ၊ နှစ်ဘီးတပ်ယာဉ်များအပါအဝင် ဘက်ထရီလျှပ်စစ်သုံးယာဉ်များ [Battery Electric Vehicles (BEVs)]၊ ယင်းတို့၏ ဘက်ထရီများနှင့် ဘက်ထရီ လျှပ်စစ်သုံးယာဉ်များအတွက် သီးသန့်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ။ |
| ၃၇ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည်ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှ ပေးပို့သည့်ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရသည့် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကိုထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ၊ လက်ခစားအပ်ကုန်စနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများက လုပ်ငန်းလိုအပ်ချက်အရ ပြန်လည်ရောင်းချရန်မဟုတ်သည့် တင်သွင်းလာသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ။ |
| **ကာကွယ်ရေးဆိုင်ရာကုန်စည်များ** | |
| ၃၈ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ၊ နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ (ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ခွင့်ပြုချက်ဖြင့် တင်သွင်းသော ပစ္စည်းအမျိုးအမည်များသာ)၊ ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးမှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန်ဝယ်ယူသည့် ကုန်စည်များ။ |
| **ကျောက်မျက်ရတနာနှင့်တွင်းထွက်ကုန်စည်များ** | |
| ၃၉ | ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ပြည်ထောင်စုအစိုးရက ကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ကျောက်မျက်ရတနာအရိုင်းထည်၊ အချောထည်များ။ |
| ၄၀ | ရေနံချေး။ |
| **အထွေထွေကုန်စည်များ** | |
| ၄၁ | ပြည်ပသို့ထွက်ခွာမည့်ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာတွင် ရောင်းချသည့် ပစ္စည်းများ။ |
| ၄၂ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ယင်းတို့၏ အဖွဲ့ဝင်များ အသုံးပြုမည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အတည်ပြုထောက်ခံသည့် ကုန်စည်များ။ |
| ၄၃ | ပြည်တွင်းရှိကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းပြည်ပမှ ဝယ်ယူသည့် ကုန်စည်များ။ |
| ၄၄ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့် ငွေဖြင့်ဝယ်ယူသော ကုန်စည်များ။ |
| ၄၅ | နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့်ကုန်စည်များ။ |
| ၄၆ | အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Draw back) စနစ်ဖြင့် တင်သွင်းလာသောကုန်စည်များ၊ |
| ၄၇ | ကုန်စည်ချို့ယွင်းပျက်စီးမှုကြောင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ပသို့တင်ပို့၍ ပြင်ဆင်ပြီး ပြန်လည်တင်သွင်းခြင်း (Repair and Return) စနစ်ဖြင့် မူရင်းကုန်စည်၏ အခြေအနေ ပျက်ယွင်းမှုမရှိဘဲ ပြန်လည်တင်သွင်းလာသော ကုန်စည်များ။ |

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင် ဖြစ်သော ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင် လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသောကုန်စည်နှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်–

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ–

| စဉ် | ဝန်ဆောင်မှုအမျိုးအမည် |
|---|---|
| **နိုင်ငံခြားရေးကဏ္ဍ** | |
| ၁ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ယင်းတို့၏အဖွဲ့ဝင်များ ရယူသည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အတည်ပြုထောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂ | ပြည်တွင်းရှိကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းမှရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| **ကာကွယ်ရေးကဏ္ဍ** | |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။ |
| **သာသနာရေးနှင့်ယဉ်ကျေးမှုကဏ္ဍ** | |
| ၄ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ** | |
| ၅ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပ ဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။ |
| ၇ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | ပြည်တွင်း သို့မဟုတ် ပြည်ပခရီးစဉ်များတွင် ခရီးသည်များကို အဖိုးအခ တစ်ရပ်ရပ်ရယူ၍ လေယာဉ်ဖြင့် ပို့ဆောင်သော ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | အစိုးရက ဆောင်ရွက်သည့် စာတိုက်ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပညာရေးနှင့်ပြန်ကြားရေးကဏ္ဍ** | |
| ၁၂ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၃ | စာအုပ်စာပေ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာထုတ်ဝေရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **ကျန်းမာရေးကဏ္ဍ** | |
| ၁၄ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | ရိုးရာအကြောပြင် ဝန်ဆောင်မှုလုပ်ငန်း၊ မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |

စာမျက်နှာ ၁၈ သို့

စာမျက်နှာ ၁၇ မှ

| | |
|---|---|
| **စီမံကိန်းနှင့်ဘဏ္ဍာရေးကဏ္ဍ** | |
| ၁၈ | အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ဘဏ်နှင့်ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၃ | အောင်ဘာလေသိန်းထီလုပ်ငန်း။ |
| **လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကဏ္ဍ** | |
| ၂၄ | ဥည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၅ | နာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **စက်မှုနှင့် လျှပ်စစ်ကဏ္ဍ** | |
| ၂၇ | ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၈ | စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၉ | မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသေးသော ဒေသများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသော ပုဂ္ဂလိကအသေးစား လျှပ်စစ်ဓာတ်အားဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၀ | ဘက်ထရီလျှပ်စစ်သုံးယာဉ်များအတွက် ဘက်ထရီအားသွင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ။ |
| **အထွေထွေကဏ္ဍ** | |
| ၃၁ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၃၂ | နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၃ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်မှုရယူခြင်းမပါ)။ |

(င) ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲ (ဇ) နှင့် ပုဒ်မခွဲ (ဈ)ပါ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကုန်စည်မှတစ်ပါး ပြည်တွင်း၌ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(စ) (၁) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ဆင်းကတ် (SIM Card) ရောင်းချမှုနှင့် ဆင်းကတ်ကို စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု (SIM Card Activation) အပေါ် ဆင်းကတ်တစ်ကတ်လျှင် ကျပ် နှစ်သောင်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် တစ်ကြိမ်တည်း ကျသင့်စေရမည်။

(၂) အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းမှရငွေအပေါ် တစ်ဆယ့်ငါး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဆ) မည်သူမဆို နိုင်ငံပိုင်မြေအား နှစ်ရှည်ငှားရမ်း၍ဖြစ်စေ၊ နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း၍ ဖြစ်စေ၊ ပုဂ္ဂလိကပိုင်မြေတွင်ဖြစ်စေ၊ မြေပိုင်ရှင်နှင့် အကျိုးတူပူးပေါင်း၍ဖြစ်စေ အခြေခံ အဆောက်အအုံအား တည်ဆောက်ပြုပြင်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဇ) ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဈ) ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း တစ် ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ သို့ရာတွင် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌ ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှတင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့ တင်ပို့စဉ်ပေးဆောင်ရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့်မရှိစေရ။

(ည) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသောကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလ ကင်းလွတ်ခွင့်ပြုခဲ့သော ကုန်သွယ်လုပ်ငန်းခွန်ကို ပြန်လည်ပေးဆောင်ရမည်။

၁၅။ (က) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ-

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန် ပေးပို့ထုတ်ယူလိုသည့် ကုန်စည်များအပေါ် အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုးသတ်မှတ်ချက် (De-minimis Value Threshold)။

ရှင်းလင်းချက်။ (၁) နှစ်တစ်နှစ်အတွင်း ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ ဆိုရာတွင် လုပ်ငန်းစတင်သည့် လအပါအဝင် တစ်ဆက်တည်းဖြစ်သည့် နောင်လာမည့် ၁၂ လ အတွင်းရရှိမည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို ဆိုသည်။

(၂) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေရှိမည့်သူ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန်ခုနှိမ်ခွင့် ခံစားလိုသူ မည်သူမဆို မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရမည်။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါ နိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာအခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့ တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ် ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့် စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန် အောက် လျော့နည်းနေပါက ပြန်အမ်းငွေတောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန် အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၈။ ဤဥပဒေ၏ အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)
## ဝင်ငွေခွန်

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန် စည်းကြပ်ခြင်းမပြုရ။ ထိုသို့ စည်းကြပ်ခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်ရသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကို တောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးရမည်။

(ခ) သို့ရာတွင် လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် ရရှိသည့် လစာဝင်ငွေ စုစုပေါင်းအပေါ်တွင် ဝင်ငွေခွန်ထမ်းဆောင်ရမည်။

(ဂ) ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန် အလို့ငှာ လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် အခွန်နှုန်းများကို အောက်ပါအတိုင်းသတ်မှတ်သည်-

| စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| ၂ | ၂,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၁၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၃၀,၀၀၀,၀၀၁ | ၅၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၅၀,၀၀၀,၀၀၁ | ၇၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၆ | ၇၀,၀၀၀,၀၀၁ နှင့် အထက် | | ၂၅ ရာခိုင်နှုန်း |

(ဆက်လက်ဖော်ပြပါမည်)




# ရှမ်းပြည်နယ်ဝန်ကြီးချုပ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် နို့စားနွားမွေးမြူရေးဇုန် ကွင်းဆင်းကြည့်ရှု



**တောင်ကြီး မတ် ၃၀**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မတ် ၃၀ ရက် နံနက် ၇ နာရီက တောင်ကြီးမြို့ အိမ်တော်ဝင်းရှေ့ တောင်ကြီး ဟိုတယ်ရှေ့တွင် အများပြည်သူများ၊ မိသားစုဝင်များ စိတ်အေးချမ်းသာယာစွာ အနားယူ အပန်းဖြေနိုင်ရန်နှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပရေးအတွက် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအတွင်းဝန်များရုံး (ဟောင်း)၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့နယ် ရွှေညောင်-ရပ်စောက်-ဗထူးသွား ကားလမ်း ကွန်လုံကျေးရွာအုပ်စု ကျောက်နီကျေးရွာအနီးရှိ နို့စားနွားမွေးမြူရေးဇုန်ကို သွားရောက်ကြည့်ရှုရာ တောင်ကြီးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်မင်းထွန်းက ဦးအောင်အောင်သန်း (၆)ယူနစ် နို့စားနွားမွေးမြူရေးခြံနှင့်ပတ်သက်၍ ရှင်းလင်းခြင်းနှင့် ရေယူမြောင်း၊ ရေဆိုးထုတ်မြောင်းများ၊ ရေတွင်း၊ ရေလှောင်ကန် တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ပြည်နယ်ကျေးလက်ဦးစီးဌာနမှ ကျောက်နီမွေးမြူရေးဇုန်အတွင်း ဘဏ္ဍာရေးနှစ်အလိုက် လမ်းဖောက်လုပ်ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နို့စားနွားမွေးမြူသူလုပ်ငန်းရှင်များက လိုအပ်သည်များ တင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းရှင်များ တင်ပြချက်အပေါ် လိုအပ်သည်များ ဖြည့်စွက်ကူညီ ဆောင်ရွက်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဦးအောင်အောင်သန်း၏ နွားထားရှိမည့် အဆောက်အဦဆောက်လုပ်နေမှု၊ ရဟတ်ယာဉ်ကွင်း ဖော်ထုတ်မည့်နေရာ၊ ဆည်မြောင်း ရေလှောင်တမံဆောင်ရွက်နေသည့် နေရာ၊ ရှင်းလင်း ဆောင်ဆောက်လုပ်မှုနေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နမ့်လတ်ဥယျာဉ်ခြံသို့ သွားရောက်ကြည့်ရှုရာ ခြံမန်နေဂျာက သီးနှံစိုက်ပျိုးထားမှုနှင့် ပတ်သက်၍ ရှင်းလင်းပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပျိုးပင် ကိုင်းဆက်နည်းများနှင့် ပျိုးခြံများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့အတက်လမ်းရှိ ထုံးဖိုစိုက်ပျိုးရေးသုတေသနခြံကို ဝင်ရောက်ကြည့်ရှုရာ ခြံတာဝန်ခံ ဒေါ်ခိုင်ခိုင်ဦး (သုတေသနအရာရှိ)က ခြံနှင့်ပတ်သက်၍ ရှင်းလင်းကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၃ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၀၀ ကျပ် | ၂၄၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၄၅ ကျပ် | ၂၄၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၉၅ ကျပ် | ၂၈၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၉၁၅ ကျပ် | ၂၉၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၃၄၈ | ၂၉၂၃၂၀၀ |
| MTSH | ၂၈၅၀ | ၂၈၀၀ | ၂၇၈၈၁ | ၇၉၄၉၄၁၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၁ | ၈၅၈၀၀ |
| FPB | ၁၄၅၀ | ၁၅၀၀ | ၂၀၅၅၆ | ၂၉၈၀၇၀၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၁၆ | ၄၀၀၀၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၁၁၀ | ၁၈၇၀၀၀ |
| AHPC | ၄၇၀၀ | ၄၆၀၀ | ၁၀ | ၄၆၁၀၀ |
| MAEPC | ၁၈၀၀ | ၁၈၀၀ | ၃၉၄၁ | ၇၀၉၃၈၀၀ |

# ကျေးလက်လမ်းလည်း စွမ်းပါသည်

– – – – – – မြင့်စိုး(နတလ) – – – – – –



နေပြည်တော် လယ်ဝေးမြို့နယ် ပေါင်းလောင်း–ကြို့ပင်သာ စစ်တောင်းမြစ်ကူးတံတား (အရှည်ပေ ၆၀၀)။

### ပေါင်းလောင်း – ကြို့ပင်သာ စစ်တောင်းမြစ်ကူးတံတားဖွင့်ပွဲ

(၇၉) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်ပေါင်းလောင်း–ကြို့ပင်သာ စစ်တောင်းမြစ်ကူးတံတားဖွင့်ပွဲအခမ်းအနားကို မတ်လ ၁၄ ရက်နေ့ နံနက် ၈ နာရီအချိန်က အဆိုပါ တံတားထိပ်မုခ်ဦး အနီး၌ ကျင်းပပြုလုပ်ခဲ့ရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။ ယင်းစစ်တောင်းမြစ်ကူးတံတားသည် အရှည်ပေ ၆၀၀ ရှိပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်၊ နေပြည်တော်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသိန်း၊ အင်ဂျင်နီယာချုပ်များဖြစ်ကြသော ဦးကျော်ကျော်ထွေးနှင့် ဦးဇော်မိုးဦးတို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ညွှန်ကြားရေးမှူး ဦးကျော်မိုးနိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမောင်ဆွေ၊ အငယ်တန်းအင်ဂျင်နီယာ–၂ ဦးပွင့်ဆန်းဦး၊ အငယ်တန်းအင်ဂျင်နီယာ–၄ ဦးဟိန်းမင်းသန့်တို့က ပြည်ထောင်စုရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေတို့ဖြင့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ကြသည်။ တံတားချဉ်းကပ်လမ်းနှင့် မြေကြီးတာပေါင်တင်ခြင်း၊ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများကို နေပြည်တော်တာဝန်ခံ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဇော်၊ လယ်ဝေးခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လင်းအိအိမျိုး၊ လယ်ဝေးမြို့နယ်ကျေးလက်လမ်းမှ ဦးစီးအရာရှိ ဒေါ်ထက်ခိုင်စိုး၊ အငယ်တန်းအင်ဂျင်နီယာ–၂ ဦးဣန္ဒြေစိုးသာတို့က တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

### ကျေးရွာပေါင်းများစွာ အကျိုးကျေးဇူးခံစားကြရမည်

စစ်တောင်းမြစ်ကူး ပေါင်းလောင်း–ကြို့ပင်သာ ပေ ၆၀၀ တံတားကြီး ပြီးစီးသွားပြီဖြစ်သည့်အတွက် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၇ ရွာ၊ အိမ်ခြေပေါင်း ၃၇၆၇ အိမ်၊ လူဦးရေ ၁၈၀၀၀ ကျော်တို့၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများအတွက်လည်းကောင်း၊ ယင်းကျေးရွာများရှိ စိုက်ပျိုးမြေဧက ၁၄၀၀၀ ကျော်မှ ထွက်ရှိလာသော စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ကြံ အစရှိသည့် စိုက်ပျိုးသီးနှံများ တင်ပို့ရောင်းဝယ်ဖောက်ကားရေးအတွက် လည်းကောင်း များစွာအကျိုးပြုလျက်ရှိကြောင်း တွေ့ရသည်။ ယင်းကျေးရွာအုပ်စု ကျေးရွာများထဲတွင် ပေါက်မြိုင်၊ နှစ်ဆောင်ပြိုင်၊ ရေလဲပေါက်၊ ညောင်ပင်အိုင်၊ အောင်သုခ၊ ရွှေပြည်သာ၊ မြိုင်သာယာ၊ ပဟောမာန်၊ ဘုရားကုန်း၊ ဗောဓိကုန်း၊ ကြာကန်၊ ရွာသစ်၊ အောင်ချမ်းသာ၊ တဲကြီးကုန်း၊ အောင်စည်လာ၊ ဇီးကုန်း၊ အင်တိုင်းသာ၊ ဆီဆုံကုန်း၊ လက်ပံတန်း၊ သစ်ခေါက်ခွ၊ သစ်ကိုးပင်၊ သရက်ချောင်း၊ အောင်သပြေ၊ နန္ဒွင်းအိုင်၊ ကြိုးတန်း၊ ဘိုကတော်စသည့်ကျေးရွာများလည်း အပါအဝင်ဖြစ်သည်။ အဆိုပါတံတားကြီးကိုဖြတ်၍ ပေါင်းလောင်း–အင်တိုင်းသာ–ဇီးကုန်း–တဲကြီးကုန်းမှ တစ်ဆင့် ကရင်ပြည်နယ် ယာဒို၊ လိပ်သိုဘက်သို့ ခရီးဆက်နိုင်ကြောင်းလည်း သိရသည်။ ယခုတံတားသည် အရှည်ပေ ၆၀၀၊ တံတားအကျယ်ပေ ၂၀၊ လူသွားလမ်း တစ်ဖက်တစ်ပေစီ၊ သံကူကွန်ကရစ်ဘိုးပိုင်၊ သံကူကွန်ကရစ်ကြမ်းခင်း၊ သံကူကွန်ကရစ်ရက်မတပ်ဆင်အသုံးပြုထားသော တံတားအမျိုးအစားဖြစ်ပြီး ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းအလေးချိန် ၃၆ တန် ဖြစ်သည်။

“စစ်တောင်းမြစ်ကူး ပေါင်းလောင်း - ကြို့ပင်သာ ပေ ၆၀၀ တံတားကြီး ပြီးစီးသွားပြီဖြစ်သည့်အတွက် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၇ ရွာ၊ အိမ်ခြေပေါင်း ၃၇၆၇ အိမ်၊ လူဦးရေ ၁၈၀၀၀ ကျော်တို့၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများအတွက် လည်းကောင်း၊ ယင်းကျေးရွာများရှိ စိုက်ပျိုးမြေဧက ၁၄၀၀၀ ကျော်မှ ထွက်ရှိလာသော စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ကြံ အစရှိသည့် စိုက်ပျိုးသီးနှံများ တင်ပို့ရောင်းဝယ်ဖောက်ကားရေးအတွက် လည်းကောင်း များစွာအကျိုးပြုလျက်ရှိကြောင်း တွေ့ရသည်”

### ဒေသခံပြည်သူများနှင့် ဒူးတိုက်တွေ့ဆုံ

တံတားဖွင့်ချိန်က နာရီဝက်သာသာမျှသာ။ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က အမှာစကားပြောကြားသည်။ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ပြီးလျှင် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က တံတားကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တံတားသစ်၏ ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ဤမျှလောက်သာဖြစ်၏။ ယင်းအစီအစဉ်များအပြီး ရှင်းလင်းဆောင်တွင် နံနက်စာများဖြင့် တည်ခင်းဧည့်ခံသည်ကို စားသောက်ကြရင်း ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ဒေသခံပြည်သူများကို ခေါ်ယူစုဝေးစေကာ စိုက်ပျိုးမွေးမြူရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ မေးမြန်းဆွေးနွေးကြသည်။ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် စိုက်ပျိုးရေးလုပ်ငန်းများ၌ မျိုးကောင်းမျိုးသန့်များ၊ အထွက်တိုးမျိုးများ စိုက်ပျိုးကြရေး၊ မြေကို စနစ်တကျပြုပြင်ရေးနှင့် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကို အသုံးပြုကြရေး၊ စိုက်ပျိုးရေရရှိရေး၊ စိုက်ပျိုးရေးနည်းပညာများကို တိကျစွာလိုက်နာကျင့်သုံး ဆောင်ရွက်ကြရေး မှာကြား၍ မိမိတို့ဝန်ကြီးဌာနက ပံ့ပိုးကူညီပေးမည့်ကိစ္စရပ်များ၊ စိတ်တူကိုယ်တူ သမဝါယမအသင်းများဖွဲ့စည်း၍ စုပေါင်းဆောင်ရွက်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေး၊ သီးနှံများ စိုက်ပျိုးရာတွင် ရာသီအလိုက် စဉ်ဆက်မပြတ် စိုက်ပျိုးကြရေး၊ နိုင်ငံတော်မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ချထားပေးပြီး နွေစပါး၊ မိုးစပါး၊ ဆီထွက်သီးနှံများ စိုက်ပျိုးနေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကာ သမဝါယမဦးစီးဌာနက ဆောင်ရွက်နေသော လယ်ယာများကို စုပေါင်းထွန်ယက်၍ ဝန်ဆောင်မှုပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် လယ်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ စက်ကိရိယာရောင်းဝယ်ရေးကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနေမှုများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်ပေးနေသော ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေးနှင့် ဝင်ငွေတိုးရေး စီမံကိန်းဆိုင်ရာသင်တန်း ၂၆ မျိုးပို့ချ၍ လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားပါသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးက ပြောကြားရာတွင် မိမိဒေသအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နေပြည်တော်၏ ဒေသထွက်ကုန်များကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကိုလည်း အစွမ်းကုန်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကိုလည်း စွမ်းအားပြည့်အသုံးချရန်လိုကြောင်း မှာကြားပါသည်။ ယင်းနောက် အောင်သုခ၊ ပေါင်းလောင်း၊ အင်တိုင်းသာ၊ ရွှေပြည်သာကျေးရွာများမှ တာဝန်ရှိသူများက တင်ပြကြသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေး၊ မွေးမြူရေး၊ ကုန်ထုတ်လမ်း ဖောက်လုပ်ပေးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်းဖြေကြားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။ တံတားဖွင့်ပွဲကို အကြောင်းပြု၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တင်ပြဆွေးနွေးခွင့်ရကြသဖြင့် တက်ရောက်လာကြသော ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများကလည်း ကျေနပ်ဝမ်းသာ ပီတိဖြာနေကြသည်ကို သူတို့မျက်နှာများတွင် အထင်းသားတွေ့မြင်နေရသည်။ နေပြည်တော်တစ်ခွင်မှ စိုက်ရေးပျိုးရေး မွေးမြူရေးလုပ်ငန်းအကြောင်းများကို အားပါးတရဆွေးနွေးမေးမြန်း

*စာမျက်နှာ ၂၁ သို့*

# ၂၀၂၄ ခုနှစ် ဧပြီလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ၇ ရက်မှ ၁၂ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တစ်ရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေ့အပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဧပြီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

၂၀၂၄ ခုနှစ် ဧပြီလအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၃ ပေမှ ၄ ပေခွဲခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေခွဲမှ ၂ ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

**မိုး/ဇလ**

*စာမျက်နှာ ၂၀ မှ*

ဖြေကြားနေကြသဖြင့် ယာယီအခိုက်အတန့်မှာ တံတားကြီးဖွင့်ပွဲကိုပင် မေ့လျော့သွားခဲ့ကြသည်။

**ကျေးလက်လမ်းနှင့် ပေ ၅၀၀ အထက် တံတားကြီးများ**

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနသည် နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေအတွင်း ပေါင်းလောင်း-ကြို့ပင်သာ စစ်တောင်းမြစ်ကူးတံတား ပေ ၆၀၀ ကို တည်ဆောက်ခဲ့သည့်နည်းတူ ကချင်ပြည်နယ် မိုးမောက်မြို့နယ် ခုံဆင့်ရွာသစ်နှင့် ခုံဆင့်ရွာဟောင်းကို ဆက်သွယ်ထားသော တာပိန်မြစ်ကူး ပေ ၅၀၀ တံတားကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်လျက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း၌ အင်တိုင်ကုန်း-စက္ကန့်လမ်းပေါ်တွင် ၅၃၆ ပေ အရှည်ရှိ ရေကျော်တစ်ခုကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်း၌ အိုးပြင်မဲရွာနှင့် အိုင်းမကျေးရွာတို့ကို ဆက်သွယ်ထားသော မန်းချောင်းတံတား ပေ ၆၀၀ ကို လည်းကောင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်းတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ပေးရန် လျာထားခဲ့သော၊ ခွင့်ပြုရန်ပုံငွေလည်း ချထားပေးပြီးမှ နယ်မြေလုံခြုံရေးအခြေအနေကြောင့် ပြန်လည်အပ်နှံခဲ့ရသော တံတားနှစ်စင်းလည်း ရှိနေပေသည်။ ယင်းတို့မှာ မြောက်ဦးမြို့နယ် တိန်ညို-သျှင်ကျော်လမ်းပေါ်ရှိ သရီချောင်းတံတား ပေ ၅၀၀၊ တောင်ကုတ်မြို့နယ် တန်းလွဲ ချောင်းကူးတံတား ပေ ၉၀၀ တို့ ဖြစ်ပေသည်။ စစ်တောင်းမြစ်ကူးတံတားဖွင့်ပွဲနေ့က နေပြည်တော်မြို့တော်ဝန်ကြီး ပြောကြားခဲ့သလို နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုမရှိလျှင် မည်သို့ပင် ဆောင်ရွက်ပေးလိုသည့် စိတ်ရင်းစေတနာရှိနေစေကာမူ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အလှမ်းဝေးနေပေဦးတော့မည်။

**ဆောင်ရွက်ပြီး လမ်း/ တံတားလုပ်ငန်းများ**

ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနသည် ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်မှ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ ပြန်လည်ရောက်ရှိလာချိန် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်များအတွင်း ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်/ တိုင်းဒေသကြီးရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေများဖြင့် လမ်း/တံတားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ကတ္တရာ ကွန်ကရစ်လမ်း ၁/၃ မိုင်၊ ကွန်ကရစ်လမ်း ၄၇၀/၅ မိုင်၊ ကတ္တရာလမ်း ၂၅၀/၂ မိုင်၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ၂၉/၅ မိုင်၊ ကျောက်လမ်း ၅၆၀/၀ မိုင်၊ ဂျင်း/ ဂဝံလမ်း ၄၃၇/၅ မိုင်၊ မြေသားလမ်း ၅၄၀/၃ မိုင်၊ မြေသားလမ်းချဲ့ခြင်းလုပ်ငန်း ၈၄/၁ မိုင်၊ ကွန်ကရစ်တံတား ၅၈၅ စင်း၊ ကြိုး/ ဘေလီတံတား ၂၁ စင်း၊ ရေကျော် ၄၇ ခု၊ Box/ Pipe Culvert ၁၇၀၃ ခု၊ အခြားတံတားငယ်ပေါင်း ၁၀၂ စင်းတို့ပြီးစီးခဲ့သည်။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့သည် ကျွန်တော့်အတွက် နေရာသစ်၊ ဌာနသစ်များဖြစ်နေသော်ငြား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဝန်ထမ်းများနှင့်မူ ၁၉၉၅ ခုနှစ်ကတည်းက ရေစက်ဆုံခဲ့သည်ဟု ပြောရပါလိမ့်မည်။

**နယ်စပ်/ စည်ပင်မှ အစပြုခဲ့သော သံယောဇဉ်**

ကျွန်တော် မြင့်စိုး(နတလ)၊ နယ်စပ်/ စည်ပင်ဝန်ကြီးဌာနဟု ခေါ်နေကြသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသို့ ၁၉၉၅ ခုနှစ်မှာ တပ်မတော်မှ ကူးပြောင်းတာဝန်ထမ်းဆောင်ခဲ့သည်။ စည်ပင်သာယာရေးဦးစီးဌာနသို့ မရောက်ခဲ့ပါ။ နတလတည်းဟူသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ၂၀၁၈ ခုနှစ်အထိ ၂၃ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ လာရာလမ်းကို ပြန်လည်မှန်းဆကြည့်လိုက်သောအခါ ၁၉၈၉ ခုနှစ်မှာ နတလလုပ်ငန်းကော်မတီအောက်မှာရှိခဲ့သည်။ ၁၉၉၄ မှာ နယ်စပ်/စည်ပင်ဝန်ကြီးဌာနကို စတင်ဖွဲ့စည်းသည်။ ၂၀၁၀ ပြည့်နှစ်အထိ နတလ၊ စည်ပင်သာယာရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနဆိုပြီး အတူနေခဲ့ကြရသည်။ ၂၀၁၁ တွင် စည်ပင်သာယာရေးဦးစီးဌာနမှ စည်ပင်အဖွဲ့များက ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးထံ လွှဲပြောင်းရောက်ရှိသွားသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနဟု အမည်ပြောင်းလဲသွားပြီး နတလနှင့် ပညာ/လေ့ကျင့် ကျန်ခဲ့သည်။ ၂၀၁၂ တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တစ်ခုတိုး၍ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်သို့ ရောက်လာခဲ့သည်။ တစ်ဖန် ၎င်းကျေးလက်ဦးစီးဌာနသည်ပင်လျှင် ၂၀၁၃ ခုနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်မှ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ကို လွှဲပြောင်းပေးခဲ့ရသည်။ ဤတွင်ခရီးမဆုံးသေးပါ။ ၎င်းဦးစီးဌာနသည် ၂၀၁၆ တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်သို့ ရောက်ရှိသွားပြန်ပါသည်။ စိုက်/ မွေး/ ဆည်အောက်တွင်ရှိနေသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ အင်ဂျင်နီယာများထဲမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် ညွှန်ကြားရေးမှူး ဒေါ်တင်မိုးမြင့်တို့ ဦးစီးသော အင်ဂျင်နီယာအဖွဲ့တစ်ဖွဲ့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်သို့ ၂၀၁၈ ခုနှစ်တွင် လွှဲပြောင်းပေးခဲ့ရသည်။ ထိုမှ ၂၀၂၁ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပေါ်ပေါက်လာသောအခါ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့အပြင် ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကိုပါ ပေါင်းစပ်ဖွဲ့စည်းပေးခဲ့ပါသည်။ ၎င်းပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကိုလည်း ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ပြန်လည်သွတ်သွင်း ဖွဲ့စည်းပေးခဲ့ပါသည်။ သည့်အတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ထိုအချိန်မှစ၍ ဦးစီးဌာနလေးခုဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ တင်ပြလိုရင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းအချို့၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရှိ ဝန်ထမ်းအချို့တို့နှင့် ၁၉၉၅ ခုနှစ်ကတည်းက နယ်စပ်/ စည်ပင်ဝန်ကြီးဌာနအောက်တွင် ရေစက်ဆုံခဲ့ပါသည် ဟူ၍…။ ဝန်ကြီးဌာနတွင် ဝန်ကြီးတာဝန် စတင်ထမ်းဆောင်ခဲ့သော ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့်လည်း ကွယ်လွန်ခဲ့ပြီ။ ဗိုလ်မှူးကြီးသိန်းညွန့်ဘဝဖြင့် စတင်ရောက်ရှိလာသော ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ(ငြိမ်း) ဦးသိန်းညွန့် သည်ပင်လျှင် မတ်လ ၁၇ ရက်နေ့တွင် ကွယ်လွန်ခဲ့ပေပြီ။

**ဂုဏ်ယူပါသည် ကျေးလက်လမ်း**

လမ်းနှင့်တံတားသည် နိုင်ငံ့အားဖြစ်ပါသည်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင်လည်း ကျေးရွာချင်းဆက်လမ်းများ၊ တံတားများက အခရာကျနေပါသည်။ နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ ကျေးရွာတော်တော်များများတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်၊ လမ်းများကောင်းမွန်ရန် လိုအပ်နေဆဲဖြစ်ပါသည်။ ယင်းလိုအပ်ချက်ကွက်လပ်ကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းများက အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေသည်ကိုလည်း မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့သည်။ လူသာစုခေါ် နတ်သာစုခေါ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ရနေသော ၎င်းတို့အတွက် အမြဲတမ်း ဂုဏ်ယူလျက်…။ ။



မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်မှ ကျောချောင်းကူးတံတား (ပေ ၇၅၀)။



မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်မှ မန်းချောင်းတံတား (ပေ ၆၀၀)။

ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# ဒေသတွင်းဖွံ့ဖြိုးရေး နည်းပညာကျွမ်းကျင်သော လူငယ်ကောင်းများ မွေးထုတ်ပေးလျက်ရှိ

**နေပြည်တော် မတ် ၃၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျာသည် မတ် ၂၈ ရက် နံနက်ပိုင်းက အစိုးရနည်းပညာ အထက်တန်းကျောင်း (နေပြည်တော်)သို့ ရောက်ရှိပြီး လျှပ်စစ်နည်းပညာ (Electrical Technology) ဌာနတွင် National Skill Standard Authority (NSSA) Electrician Level-1 စစ်ဆေးခံရန်အတွက် ပြင်ဆင်လေ့ကျင့်လျက်ရှိသည့် ကျောင်းသား ၁၀ ဦးကို ကြည့်ရှုအားပေးကာ လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရေး On-the-job training ဖြင့် ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အီလက်ထရောနစ်နည်းပညာ (Electronics Technology) ဌာန၌ကျောင်းသားများ၏သုတေသနပရောဂျက်များ၊ အဆောက်အဦနည်းပညာ (Building Technology) ဌာနအလုပ်ရုံ၌ Brick Layer (NSSA Level – 1) ဖြေဆိုပြီးစီးမှုနှင့် သင်ထောက်ကူပစ္စည်းများ၊ အဆောက်အဦပြုပြင်ထိန်းသိမ်းမှု နည်းပညာ (Building Service Technology) ဌာန လက်တွေ့ခန်း၌ လေအေးပေးစက်စနစ်ဆိုင်ရာ သင်ထောက်ကူပစ္စည်းများနှင့် တီထွင်ဆန်းသစ်မှုပရောဂျက်များ၊ မော်တော်ယာဉ်နည်းပညာ (Automotive Techno-logy) ဌာနအလုပ်ရုံ၌ EV နှင့် အခြားသင်ထောက်ကူပစ္စည်းများ၊ စက်ပစ္စည်းအစိတ်အပိုင်းများ၊ ထုတ်လုပ်ခြင်းနည်းပညာဌာနတွင် သင်ထောက်ကူစက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ထူးချွန်ကျောင်းသားများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကာ ဤကျောင်းမှ လေ့ကျင့်ရရှိသော နည်းပညာများဖြင့် မိမိတို့၏ ဘဝရပ်တည်ချက်များ ခိုင်မာအောင် တည်ဆောက်သလို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင်လည်း အုတ်ကောင်းတစ်ချပ်၊ သဲကောင်းတစ်ပွင့်အနေဖြင့် ပါဝင်တည်ဆောက်ကြရန်၊ ဗလငါးတန်နှင့် ပြည့်စုံသောတိုင်းကျိုးပြည်ပြုမျိုးဆက်သစ်လူငယ် ကျွမ်းကျင်ပညာရှင်များဖြစ်စေရေး ကြိုးပမ်းစွမ်းဆောင်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ နိုင်ငံ့ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် ကျွမ်းကျင်ပညာရှင်များကို အရည်အသွေး ပြည့်မီစွာ



စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အမှန်တကယ်အကျိုးပြုမည့်သက်မွေးပညာသင်တန်းများကို ဖွင့်လှစ်ပေးရန်နှင့် ဆရာ ဆရာမများ၏ စွမ်းရည်များကို အစဉ်မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျောင်းသားကျောင်းသူများအတွက် ပင်မဆောင်၌ နေ့စဉ်ထုတ်သတင်းစာများ၊ သုတနှင့် ရသစာကောင်းပေမွန်များကို လွယ်လင့်တကူဖတ်ရှုနိုင်ရန် Book Corner များ ပြင်ဆင်ထားရှိမှု၊ ရေသန့်စနစ်တပ်ဆင်ထားရှိမှု၊ ကျောင်းဝင်းသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

# လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအတွက် အသင့်စားသုံးနိုင်သော စားသောက်ကုန်ပစ္စည်းများထောက်ပံ့

**မုဒုံ မတ် ၃၀**

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအတွက် အသင့်စားသုံးနိုင်သော စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို မတ် ၂၈ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းက တပ်မတော်သားများသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးကို သက်စွန့်၍ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်ကြောင်းနှင့် တပ်မတော်သားများအတွက် လှူဒါန်းပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများအတွက် အသင့်စားသုံးနိုင်သော ပုစွန်ဗာလချောင်ကြော် ၁၀ ဘူး၊ ငါးဗာလချောင်ကြော် ၁၀ ဘူး၊ မရမ်း/သရက် ငါးပိဘူး ၁၀ ဘူး၊ မြေပဲ/ ပဲကြော် / အကြော်စုံ ၁၅ ထုပ်၊ ချင်းလက်ဖက် ငါးထုပ်၊ ပရီးမီးယား ကော်ဖီမစ်ထုပ် တစ်ပါကင် စသည့် စားသောက်ဖွယ်ရာများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်ရာ ဗိုလ်မှူး ဟိန်းဆက်အောင်က လက်ခံခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**




# (၇၉)နှစ်မြောက်တပ်မတော်နေ့အားဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ပိုစတာကြီးများစိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်

**နေပြည်တော် မတ် ၃၀**

၂၀၂၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သည့် (၇၉)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပင်လောင်းမီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း၌ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဓာတ်သွေး၊ ဓာတ်မာန်တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိသည်။

အလားတူ ပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့ သွားရောက်သည့် လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ဆောင်ပုဒ်များကို မြန်မာ - အင်္ဂလိပ်နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်းအဝင်ဝရှိ မုခ်ဦးကြီးကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။

စစ်ကြောင်းကြီးများ ချီတက်ရာလမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြုအရောင်အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting



Pole များဖြင့်လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များ လမ်းဘေးဝဲယာတစ်လျှောက်၌ မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍ လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခံ စင်မြင့်မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Handmade အလှမီးများဖြင့်လည်းကောင်း၊ မင်းကြီးသုံးပါး ရုပ်တုအောက်ခံ၌ တပ်မတော်အလံပုံဖော်ထားသည့် ကြယ်တံဆိပ်နှစ်ခုကို LED Strip Light များဖြင့် လည်းကောင်း အသီးသီးပုံဖော် အလှဆင်ထားသည်ကို ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်မည်ဖြစ်သည်။

ထို့အပြင် ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက်တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော်စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် (၇၉) နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များတွင် အသုံးပြုသည့် ယာဉ်ယန္တရားပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ်ပုံစံငယ်များကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုင်ဘာဖြင့် ပြုလုပ်ထားသည် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့် ပန်းအလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့် မီးရောင်စုံများ၊ မီးရောင်စုံများဖြင့် ပြုလုပ်ထားရှိရာ ယနေ့တွင်လည်း လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခရိုင်အဆင့် ကင်းထောက်လူငယ်သင်တန်းဆင်း

**ရန်ကုန် မတ် ၃၀** – ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၌ ခရိုင်အဆင့် ကင်းထောက်လူငယ်သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကင်းထောက်လူငယ်လေးများက “ပြည်သူ့အတွက်အဆင်သင့်နှင့် ကင်းထောက်ဂုဏ်ရည်”သီချင်းနှစ်ပုဒ်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး အလုံခရိုင် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးကျော်ဇာနည်လွင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ ကင်းထောက်လူငယ်လေးများက တေးသီချင်းများ၊ ပြဇာတ်များဖြင့် ဖျော်ဖြေကြရာ ကြည့်ရှုအားပေးသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ် များကို ခရိုင်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးကျော်ဇာနည်လွင်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ပြီး သင်တန်းဆင်းပွဲအပြီး၌ အမှတ်တရစုပေါင်းဓာတ်ပုံရိုက် မှတ်တမ်းတင်ကြသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ဟိုပုံးမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၌ တိုက်ပွဲဖော်ဆောင်နေသော အကြမ်းဖက်သောင်းကျန်းသူများအား အလိုမရှိဟု ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်



**နေပြည်တော် မတ် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်များအတွင်း ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ရပ်များကိုသာ စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိသည့် PNLO၊ KNDF၊ PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများသည် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ ပျက်စီးဆုံးရှုံးစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် ဒေသခံတိုင်းရင်းသားပြည်သူများ နေထိုင်ရာ မြို့၊ ရွာ၊ ရပ်ကွက်များအား တိုက်ပွဲများဖော်ဆောင်ခြင်း၊ သာသနိကအဆောက်အဦများနှင့် စာသင်ကျောင်းများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသောကြောင့် ၎င်းတို့၏ လုပ်ရပ်များအား ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် လုံးဝလက်ခံနိုင်မှုမရှိဘဲ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိသည်။

ထိုသို့ ကန့်ကွက်ရှုတ်ချလျက်ရှိရာ ယနေ့နံနက် ၈ နာရီခန့်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့မှ ဒေသတည်ငြိမ်အေးချမ်းရေးကို လိုလားသည့် သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူအင်အား ၁၁၀၀ ကျော်ခန့်သည် အဆိုပါမြို့ရှိ မြို့မအားကစားကွင်း၌ စုဝေးပြီး ၎င်းစုရပ်နေရာမှ ဟိုပုံး-ဆီဆိုင်လမ်းမကြီးအတိုင်း မွေတော်ဘုရားရှေ့ ကျောက်တိုင်ကွင်းသို့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ချီတက်၍ ဆန္ဒဖော်ထုတ်ကြကာ နံနက် ၉ နာရီခန့်တွင် အေးချမ်းစွာ လူစုခွဲခဲ့ကြသည်။

ချီတက်ရာ လမ်းတစ်လျှောက်တွင် "KNDF၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အလိုမရှိ၊ NUG၊ CRPH အကြမ်းဖက်အဖွဲ့ အလိုမရှိ၊ TNLA အကြမ်းဖက်အဖွဲ့ အလိုမရှိ၊ ကျေးရွာနေအိမ်များ မီးရှို့ဖျက်ဆီးနေကြသည့် အကြမ်းဖက်အဖွဲ့ အလိုမရှိ၊ ပြည်သူလူထု လူမှုစီးပွားဘဝ ဖျက်ဆီးနေသည့် အကြမ်းဖက်အဖွဲ့ အလိုမရှိ၊ ဒေသတည်ငြိမ်အေးချမ်းမှု ဖျက်ဆီးသူ ဒို့ရန်သူ၊ အမျိုး ဘာသာ သာသနာ ဖျက်ဆီးသည့် အကြမ်းဖက်အဖွဲ့အား ချေမှုန်းကြ" စသည့် ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး ဆန္ဒထုတ်ဖော်ပွဲကို အောင်မြင်စွာ ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စစ်ကိုင်းမြို့နယ် စစ်ကိုင်း - မင်းကွန်းသွား လမ်းပိုင်းတွင် ပြည်သူ ၅၀ ခန့်အား ဖမ်းဆီးပြီး ငွေဖြင့်ပြန်ရွေးခိုင်းခဲ့ကြောင်းနှင့် မရွေးနိုင်သူများအား စစ်မှုထမ်းရန်ခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၃၀**

စစ်ကိုင်း - မင်းကွန်းသွား လမ်းပိုင်း၌ မတ် ၂၉ ရက် ညနေခင်းလုပ်ငန်းမှ ပြန်လာသည့် ပြည်သူ ၅၀ ခန့်ကို ဖမ်းဆီးခဲ့ပြီး ငွေဖြင့်ပြန်ရွေးခိုင်းခဲ့ကြောင်းနှင့် မရွေးနိုင်သူများအား စစ်မှုထမ်းရန်ခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများအား တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ မတ် ၂၉ ရက်တွင် စစ်ကိုင်းမြို့ပေါ်ရှိ နေရာအချို့၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အဖွဲ့ဝင်များနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လမ်းအသုံးပြုသူ မိဘပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဆောင်ရွက်မှု စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်းနှင့် ပြည်သူအချို့အား ဖမ်းဆီးထားသည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ပြည်သူ့စစ်မှုထမ်း ဥပဒေ စတင်အာဏာတည်သည့်နေမှစ၍ တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများ စိုးရိမ်ထိတ်လန့်စေရန် လုပ်ကြံသတင်းမျိုးစုံအား ဖြန့်ဝေခြင်း၊ သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန်စွပ်စွဲ၍ ယုတ်မာ အောက်တန်းကျစွာဖြင့် လုပ်ကြံဖန်တီးရေးသားခြင်းများ ဆောင်ရွက်နေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နောင်ချိုမြို့နယ်အတွင်းရှိ ကြက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် အသားတိုးဝက်မွေးမြူရေးလုပ်ငန်းရှင်များကို တွေ့ဆုံဆွေးနွေး

**နောင်ချို မတ် ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိအသားစားကြက်မွေးမြူရေးလုပ်ငန်းရှင်များ၊ အသားတိုးဝက်မွေးမြူရေး လုပ်ငန်းရှင်များကို ယမန်နေ့က ခေါ်ယူတွေ့ဆုံဆွေးနွေးကြသည်။ **(အောက်ယာပုံ)**

ဆွေးနွေးပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်က မြို့နယ်အတွင်း စားသုံးမှုပမာဏထက် ပိုမိုထုတ်လုပ်နိုင်ရေး ဇီဝလုံခြုံမှုနှင့် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်မှုကို အပြည့်အဝဆောင်ရွက်နိုင်ရေး၊ အများပြည်သူအသားစားသုံးမှု ဘေးကင်းလုံခြုံစေရေးအတွက် ဆွေးနွေးခဲ့ကာ တက်ရောက်လာကြသော လုပ်ငန်းရှင်များအနေဖြင့် ဌာနမှဖြည့်ဆည်းပေးရန် လိုအပ်ပါက ဖြည့်ဆည်းပေးနိုင်စေရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြသည်။

ထိုသို့ ဆွေးနွေးပွဲများပြုလုပ်ခြင်းဖြင့် မြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ကူးစက်ရောဂါကြောင့် မွေးမြူရေးလုပ်ငန်းများ ထိခိုက်မှုမဖြစ်ပေါ်စေရေး၊ မြို့နယ်၏ မွေးမြူထုတ်လုပ်မှုပမာဏ နှစ်စဉ်မြင့်မားလာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။ **ထွေးငယ် (ပြန်/ဆက်)**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Kyaw Mya Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရွှေမင်းဝံရပ်ကွက်နေ ကျော်မြစိုးအား မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် သက်ဆိုင်ရာရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

အလားတူ မတ် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Back To University" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတော(တောင်) ရပ်ကွက်နေ နန့်စုဒေဝီ (ခ) အိပုံ့အား မွန်းလွဲ ၁ နာရီခွဲတွင် တာမွေမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထို့အတူ မတ် ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များကစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Lactasoy ပဲနို့ဘူး ၄၈၀၀၊ POLENE Plastics Resin ၃၀၀၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၄၄၆၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus တစ်စီး၊ Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၆၆၄၄၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၂၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်ခရိုင် မင်းတုန်းမြို့နယ်၌ တရားမဝင် အခြားသစ် ၁ ဒသမ ၁၇၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၆၉၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**တရားမဝင်ကျွန်းသစ်ဖမ်းဆီး**

ထို့အတူ မတ် ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၆၂၈ တန်၊ သစ်မာ ၀ ဒသမ ၆၅၀ တန်နှင့် အခြားသစ် ၀ ဒသမ ၇၁၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၃၀၆၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၂၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် ဖိမ်တံဆိပ်ပါ အရက်သန့်ဘူး ၅၀၄၀၊ Tiger ဘီယာ ၆၈၄ ပုလင်း၊ 8.6 တံဆိပ်ပါ ဘီယာသံဘူးအရှည် ပုလင်း ၁၀၈၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၈၉၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ယစ်မျိုး ဥပဒေပုဒ်မနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၂၉ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ် နောင်ခရီ (၂)ရပ်ကွက်၌ တရားမဝင် အခြားသစ် ၀ ဒသမ ၆၈၇ တန်၊ 25 HP အင်ဂျင် တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၆၀၈၂၉ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၉၃၅၇၁၈၃) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၈/ U9)၊ အောင်ရတနာလမ်း၊မြေကွက်အမှတ်(၂၈၃+၂၈၄)၊အကျယ်အဝန်း(၁၂၀ပေ× ၈၀ပေ)ရှိ ဦးကျော်စိုးထွဋ် (၁၂/လသန(နိုင်)၀၀၀၇၄၂) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက် (၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးဆုံစိန်(ခ)ဦးကျော်လွင် (၁၂/ဥကမ(နိုင်)၀၇၃၀၇၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)
Ph,09421746974

**အမှန်တကယ် ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ။ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။**

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ (၈၊ အလယ်ပိုင်း)၊ ဦးပိုင်အမှတ်(၁-ခ) ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေအား ဦးမြင့်နွယ်ဦး (၃/လဘန(နိုင်)၁၀၃၉၁၉)၊ ဒေါ်ခင်အေးကြူ (၁၂/မဂတ(နိုင်)၀၂၁၇၇၂) အမည်များဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ မြေစာရင်းပုံစံ(၁၀၅/၁၀၆) နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်များ၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ပတ်ဝန်းကျင်ထောက်ခံချက်နှင့် အခြားလိုအပ်သည့်စာရွက်စာတမ်းအထောက်အထားများနှင့်အတူ မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်အသစ်လျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကန့်ကွက်လိုသူမှ အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူ့ကိုမဆို ယခု လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် ဆက်လက် လျှောက်ထားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးအေးလှိုင်
B.A(Myanmar), .A(Q),H.G.P
အထက်တန်းရှေ့နေ
(စဉ်-၈၂၁၃၊ ၁-၉-၁၉၈၃)
အမှတ်(၂၈)၊ ကမ်းနားလမ်း၊ (၈)ရပ်ကွက်၊ ဓနုဖြူမြို့။

## ၂၀၂၄ - ၂၀၂၈ သက်တမ်းအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ရွေးကောက်ပွဲကျင်းပ

**ရန်ကုန် မတ် ၃၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်(MFF) ရွေးကောက်ပွဲညီလာခံ (MFF Elective Congress 2024) ကို မတ် ၃၀ ရက် နံနက်ပိုင်းက နိုဗိုတယ် ရန်ကုန်မက်စ်၌ ကျင်းပရာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်၊ အာဆီယံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ၂၀၁၉-၂၀၂၃ သက်တမ်း တာဝန်ထမ်းဆောင်ခဲ့သည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ၂၀၂၄-၂၀၂၈ သက်တမ်းအတွက် ဝင်ရောက်ရွေးချယ်မည့် ကိုယ်စားလှယ်လောင်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မြန်မာနေရှင်နယ်လိဂ်(၁)၊ မြန်မာ နေရှင်လိဂ်(၂)၊ ဖူဆယ်လိဂ်နှင့် အမျိုးသမီးလိဂ်တို့မှ ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများ တက်ရောက်သည်။

ရွေးကောက်ပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး MFF ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အောင်(ဂိုး)က ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အောင် (ဂိုး) က ၂၀၂၄-၂၀၂၈ သက်တမ်း အလုပ်အမှုဆောင်သစ်ရွေးကောက်ပွဲတွင် ဥက္ကဋ္ဌတစ်ဦး၊ ဒုဥက္ကဋ္ဌ အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦး၊ အလုပ်အမှုဆောင် ၁၅ ဦးတို့ကို ရွေးချယ်ပြီး မဲစနစ်ဖြင့်



ရွေးချယ်ရန်ကျန်ရှိနေသည့် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံး ကိုယ်စားလှယ်တစ်ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အထက်မြန်မာပြည် ကိုယ်စားလှယ် သုံးဦးတို့ကို မဲပေးခွင့်ရှိသူ ၄၁ ဦး၏ ဆန္ဒဖြင့် ရွေးချယ်ကြသည်။ မဲပေးရွေးချယ်မှုများအပြီးတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က မြန်မာ့ဘောလုံးလောကအတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့မှုကို လေးစားအသိအမှတ်ပြုသောအားဖြင့် အဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း ဦးသောင်းထိုက်အား ဂုဏ်ထူးဆောင် ဥက္ကဋ္ဌအဖြစ် ဆုတံဆိပ်နှင့်တကွ ပေးအပ်ခဲ့သည်။ ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယကများအဖြစ် ဦးအောင်ကိုဝင်းနှင့် ဒေါက်တာစိုင်းဆမ်ထွန်းတို့အား အလုပ်အမှုဆောင်အဖွဲ့က အများဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ကြေညာသည်။ ထို့နောက် အာရှချန်ပီယံအဆင့်အထိ အောင်မြင်မှုများ ရယူပေးခဲ့သော သက်ရှိထင်ရှားမြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းကြီးများအား ဂုဏ်ပြုခြင်းအစီအစဉ်ကို ဆက်လက်ပြုလုပ်ရာ ရာသက်ပန် လစဉ်ဂုဏ်ပြုထောက်ပံ့ငွေအား ကစားသမားများကိုယ်စား မြန်မာ့လက်ရွေးစင်ဟောင်း ဦးစိုးမြင့်ထံသို့ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် အာဆီယံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Maj.Gen.Khiev Sameth က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)၏ ရွေးကောက်ပွဲညီလာခံ MFF Elective Congress 2024 အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအတွက် ဂုဏ်ပြုစကား ပြောကြားပြီး MFF ဥက္ကဋ္ဌ ဦးဇော်ဇော်က အလုပ်အမှုဆောင်အဖွဲ့သစ်ကိုယ်စား ကျေးဇူးတင်စကားပြောကြားကာ ညီလာခံအား ရုပ်သိမ်းခဲ့သည်။

၂၀၂၄-၂၀၂၈ သက်တမ်းအတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့သစ်များအဖြစ် နာယက ဦးအောင်ကိုဝင်း၊ ဒေါက်တာစိုင်းဆမ်ထွန်း၊ ဥက္ကဋ္ဌအဖြစ် ဦးဇော်ဇော်၊ ဒုဥက္ကဋ္ဌများအဖြစ် ဦးပြည့်ဖြိုးတေဇ၊ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ ဒေါက်တာခင်စောဦး၊ အလုပ်အမှုဆောင်များအဖြစ် အထက်မြန်မာပြည်ကိုယ်စားလှယ် ဦးကျော်စွာထွန်း၊ ဦးလအောင်၊ ဦးစောငြိမ်း၊ အောက်မြန်မာပြည် ကိုယ်စားလှယ် ဒေါက်တာထက်ခိုင်ဝင်း၊ ဦးဝင်းကိုကို၊ ဦးသင်းမောင်စိုး၊ မြန်မာနေရှင်နယ်လိဂ်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း၊ ဦးလှကျော်ဝင်း၊ ဦးကျော်ဦး၊ မြန်မာနေရှင်နယ်လိဂ်(၂) ကိုယ်စားလှယ် ဦးထောင်ထှာထန်း၊ နည်းပြကိုယ်စားလှယ် ဦးစိုးမြတ်မင်း၊ ကစားသမားကိုယ်စားလှယ် ဦးသီဟစည်သူ၊ အမျိုးသမီးဘောလုံး ကိုယ်စားလှယ် ဒေါ်သိန်းသိန်းအေး၊ ဒိုင်ကိုယ်စားလှယ် ဦးလှတင့်၊ ဖူဆယ်နှင့်သဲသောင်ပြင် ကိုယ်စားလှယ် ဦးဝင်းသော်တို့ ရွေးချယ်ခံရသည်။

ကိုညီလေး၊ ဓာတ်ပုံ-သော်လေး

## မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း အာဖဂန်နစ္စတန်ကို ခြေစမ်းပွဲတွင် ရှုံးနိမ့်



**ရန်ကုန် မတ် ၃၀**

၂၀၂၄ အာရှဖလား ဖူဆယ်ပြိုင်ပွဲ နောက်ဆုံး အဆင့်အတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် အာဖဂန်နစ္စတန်လက်ရွေးစင် အသင်းသည် မတ် ၃၀ ရက် ညနေပိုင်းက ရန်ကုန်မြို့ရှိ အမျိုးသားအားကစား ပြိုင်ပွဲရုံ - ၁ သုဝဏ္ဏ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် အာရှဖလားဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရထားသော အာဖဂန်နစ္စတန်လက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားခဲ့ပြီး ခြောက်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းအနေဖြင့် ပထမပိုင်းတွင် ခြေရည်တူကစားနိုင်သော်လည်း ဒုတိယပိုင်းတွင် ကစားသမားပြောင်းလဲပြီးနောက်ပိုင်း ဂိုးများ ဆက်တိုက်ပေးခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် ငြိမ်းမင်းစိုး၏ဂိုးဖြင့် ဦးဆောင်နိုင်သော်လည်း ပထမပိုင်းမှာပင် ချေပဂိုးပြန်ပေးခဲ့ရပြီး ပထမပိုင်းတွင်တစ်ဂိုးစီ သရေကျနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ကစားသမားများစမ်းသပ်ခဲ့ရာ အာဖဂန်နစ္စတန်အသင်းကို မယှဉ်နိုင်ဘဲ ငါးဂိုးထပ်ပေးခဲ့ရခြင်း ဖြစ်သည်။

မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်းသည် မတ် ၃၁ ရက် (ယနေ့) မွန်းလွဲ ၃ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ထပ်မံခြေစမ်းကစားမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

**ယာဉ်များ ဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၁၇) ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ်(၃၁၁)နေ မောင်ကျော်သူရ (ဘ) ဦးသိန်းဇော်ဦး ၁၂/ဒဂတ(နိုင်) ၁၃၅၁၆၅ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၈၈၅၈၁၂၂

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ် (ပ-၆)၊ ဦးပိုင်အမှတ် (၁၂၅)၊ ၄၃ လမ်း မျက်နှာပြု၊ ၆၀ x ၆၁ လမ်းကြားရှိ ဦးအာရ်ကူး(ခ)ဦးမာယာအလဂျူး အမည်ပေါက် ဂရန်မြေကွက်အား (ဖခင်) ဦးအာရ်ကူး(ခ)ဦးမာယာ အလဂျူး (မိခင်) ဒေါ်ဒေဝီ တို့အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၇၅၆/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သည့် သား၊ သမီးများဖြစ်သော ဒေါ်အင်ဒရာနီ(ခ)ခင်ခင်ကြူ ၁၂/မဘန(နိုင်) ၀၅၀၃၂၆၊ ဦးမြင့်မောင်(ခ)ခရစ်ချ်နား ၉/မရမ(နိုင်) ၀၇၁၃၆၁၊ ဦးမောင်ဝေ(ခ)ရာဂျူး ၉/မရမ(နိုင်)၀၇၁၃၄၇တို့၏ (GP ရရှိသူ ဒေါ်မေဇွန်အေး)၊ ဦးအေး(ခ)ဂနေ(စ်)ဖီး ၉/မရမ(နိုင်)၀၇၁၃၈၉ တို့က အမှုတွဲအမှတ် ၈၀၆၆/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၈)၊ ဦးပိုင်အမှတ်(၉၇)၊ ၆၅ x ၆၇ ကြား၊ ပျူစောထီး x ကျန်စစ်သားလမ်းကြားရှိ ဦးသိန်းဖေ အမည်ပေါက် တောဂရန်မြေကွက်အား ခင်ပွန်း ဦးသိန်းဖေ(ခ) သိန်းညို ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်ခင်မာရီ ၉/အမရ(နိုင်)၀၄၆၃၂၃ က ၄၀၀၀ိ/-ငွေသွင်းပြေစာမူရင်း၊ မြေချထားမိန့်မူရင်း (၁)စောင်တို့မှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ အင်ကြင်းလမ်းနေ ကျွန်တော် ဦးအေးသန်း ၇/ပတန(နိုင်)၀၀၃၀၄၇ နှင့် ကျွန်မ ဒေါ်ကြည်ကြည်သန်း ၇/ပတန(နိုင်)၀၀၃၀၉၃ တို့၏သား မောင်အောင်ဇော်ထွေး ၁၂/ဗဟန(နိုင်)၀၉၅၀၂၄ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘညီအစ်ကိုမောင်နှမများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ၎င်းမောင်အောင်ဇော်ထွေးအား အမွေစား အမွေခံသားအဖြစ်မှ ၂၉-၄-၂၀၂၄ ရက်မှစတင်၍ အမွေပြတ် စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်သက်ဆိုင်သောကိစ္စအရပ်ရပ်များကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးသန်း-**
**ဒေါ်ကြည်ကြည်သန်း**
**(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်တံတားအနီး၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ တိုက်အမှတ်(B2)၊ အခန်းအမှတ်(711)၊ အခန်းအမျိုးအစား Type O၊ အကျယ်အဝန်း (1202) စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် တိုက်ခန်းတွင်ပါရှိသော လျှပ်စစ်ပစ္စည်းများ၊ ပရိဘောဂများ၊ ပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးရွှေကွန်း(၁၃/လရန(ဧည့်)၀၀၀၃၉၉) က တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်ချို့တစ်ဝက်ကို စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအမည်ပေါက်ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်မေဖြူနှင်း(၇/ညလပ(နိုင်)၁၆၇၇၂၃)**
**အိမ်အမှတ်(၁)၊ ဂျိုးဖြူလမ်း၊ မြို့မ(၄)ရပ်ကွက်၊ ညောင်လေးပင်မြို့။**
**ဖုန်း ၀၉၉ ၇၂၁ ၄၈၈ ၉၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈/စီ) မြေကွက်အမှတ်(၈၆၇) (၂၅ x ၅၀)ပေခန့်ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၁၀)၊ခတ်လှေကားပါ (Hall Type) (၈)ထပ်တိုက်မှ ဒုတိယထပ် (၃)လွှာ၊ ဝေဠုဝန်လမ်းကျယ်၊ ဝေ/တောင်ရပ်ကွက်၊ (၂၃ x ၄၈) ပေ အကျယ်အဝန်းရှိသည့် တိုက်ခန်းအပါအဝင် တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတစ်ဦးတည်း အပြည့်အဝပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့် ဒေါ်ထက်မြတ်ခိုင် (၁၂/ကမတ(နိုင်)၀၆၆၂၃၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှေဇင်ဌေး (၆/ထဝန(နိုင်)၀၇၆၂၁၈) က ရောင်းချသည့်ကာလတန်ဖိုးဖြင့်ဝယ်ယူရန် သဘောတူညီပြီး ရောင်းချသည့်ကာလတန်ဖိုးမှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ပါ ရောင်းချသည့်တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူ တစ်စုံတစ်ဦးတို့သည် ကျွန်ုပ်ထံသို့ ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဒေါ်ရွှေဇင်ဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရန်လင်းမောင် LLB,DBL,DML,DIL**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၇၂/၂၀၁၇)**
**အမှတ်-၂၃၁၊ ကမ်းနားလမ်း၊ မကျည်းတန်းတောင်အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၀၇၆၂၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၁၂၁၈)၊ ရေိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးမျိုးဟန်(ပါ)၃-ဦး အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူများ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၄၄၁/ ၂၀၂၃)၊ (၂၅၄၉၇/၂၀၂၃) တို့ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရွှေစင်ထိုက် ၂/လကန(နိုင်)၀၆၄၄၄၁ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများ တင်ပြပြီး ဦးထွန်းထိပ်ရန်နိုင် ၁၂/ဒဂန(နိုင်)၀၃၅၉၄၈ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၄)၊ ဦးပိုင်အမှတ်(၆-ခ)၊ ၅၅ x ၅၆ ကြား၊ မြတ်လေး x ပိတောက်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမင်းဆွေ ၉/မရတ(နိုင်) ၀၃၄၃၅၉ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၈၄၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်မင်းဦး ၁၂/ရကန(နိုင်)၀၇၄၆၄၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ ၇ လမ်း၊ တိုက်အမှတ်(၄၆)၊ (၆)ထပ်တိုက်၏ ဒုတိယထပ်၊ ၃-လွှာ၊ (၇လမ်းပေါ်မှမျက်နှာမူလျှင် လက်ဝဲဘက်အခန်း) (၁၂ ပေခွဲ x ၅၀ ပေ)ရှိ ရေ မီးအစုံအလင် တိုက်ခန်း၏ ဥပဒေရေးရာ အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်အဆက်အစပ်များဖြင့် တရားဝင်ဝယ်ယူလက်ရောက် ရရှိပိုင်ဆိုင်ထားသည်ဟု အဆိုရှိသူ ဒေါ်စိုးမိုးမြင့် ၁၂/လမတ(နိုင်)၀၃၀၃၉၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသည့် စာချုပ်စာတမ်းများဖြင့် တရားဝင်လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးတင်မောင်ဆွေ B.A (Law), LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၄၃)**
**အမှတ်-၁၇/၂၁၊ ၃၅-လမ်း (အောက်)၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၀၉၁၆၇၊ ၀၉-၇၉၅၀၀၉၁၆၇**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

အမှတ် ၁၇၆၀၊ ဂါမဏိလမ်း၊ (၆၉)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်ဟု အမည်တွင်သည့်(အလျား ၆၀' x အနံ ၂၀')ရှိ ဦးသိန်းဟန် အမည်ပေါက် ပါမစ်မြေအား ဒေါ်ရင်ရင်မော် ၁၂/ဒဂတ(နိုင်)၁၀၂၆၃၈၊ အမှတ် ၁၂၉၃၊ မင်းနန္ဒာလမ်း၊ (၇၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေထိုင်သူက ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်း၍ ၎င်းကိုယ်တိုင်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေ ဝယ်ယူထားရှိပြီး ကျွန်ုပ်မိတ်ဆွေက ဦးသိန်းဟန် အမည်ပေါက် ပါမစ်မြေမှ ဒေါ်အိရွှေဇင်ထွန်း အမည်ပေါက်ဂရန်မြေသို့ အမည်ပေါက်ပြောင်းလဲ လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်နှင့် ဒေါ်အိရွှေဇင်ထွန်း အမည်ပေါက် ဂရန်မြေအဖြစ် လျှောက်ထားခြင်းအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

| လွှဲအပ်သူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဒေါ်အိရွှေဇင်ထွန်း | ဒေါ်မီမီအောင်(LL.B) |
| ၁၂/ဒဂမ(နိုင်)၀၄၁၇၂၄ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၇၆) |
| ဖုန်း-၀၉-၇၉၈၁၈၂၉၅၆ | အမှတ်၁၅၂၁၊ ကျန်စစ်သားလမ်း၊ |
| | (၆၉)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်။ |
| | ဖုန်း-၀၉-၄၅၁၃၀၈၄၀၀ |

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၄၅/ခ) မြေအကျယ် (၁၀ x ၆၀)ပေရှိ မြေနှင့် မြေကွက်ပေါ်ရှိအိမ် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ အောင်တံခွန်လမ်း (၇)ရပ်ကွက်၊ အမှတ် (၁၀၄၅/ခ) သည် ကွယ်လွန်သူ ဒေါ်အုန်းနွဲ့ ပိုင်ဖြစ်ပြီး ဒေါ်အုန်းနွဲ့၏ ညီအစ်ကို မောင်နှမအရင်းများဖြစ်ကြသော ဦးသန်းအောင်၊ ဒေါ်တင်ကြွေ၊ ဒေါ်အေးအေးဆွေ၊ ဦးဝင်းလွင်တို့က အမွေဆက်ခံပိုင်ဆိုင်ကြပါသည်။ ဒေါ်အေးအေးဆွေက ဖော်ပြပါမြေနှင့်အိမ်အပေါ် အမွေရခွင့်ရှိသူ ဦးသန်းအောင်၊ ဒေါ်တင်ကြွေ၊ ဦးဝင်းလွင်တို့အား အမွေစုအသီးသီး အမ်းပေးလိုက်သည်ဖြစ်သောကြောင့် ဖော်ပြပါ မြေနှင့်အိမ်သည် ဒေါ်အေးအေးဆွေ တစ်ဦးတည်းပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ - | |
|---|---|---|
| ဒေါ်အေးအေးဆွေ | ဦးမြအောင် (B.A, R.L) | ဒေါ်ညိုညိုသင်း |
| ၁၂/တတန (နိုင်)၀၇၉၆၉၀ | တရားလွှတ်တော်ရှေ့နေ | (LL.B,D.B.L) |
| အမှတ် (၁၃)၊ စံပြ(၁)လမ်း၊ | (စဉ်-၂၅၇၅/၂၁-၅-၁၉၈၄) | အထက်တန်းရှေ့နေ |
| စံပြရပ်ကွက်၊ ဒလမြို့နယ်၊ | အမှတ်(၅၅)၊ အခန်း(၁၈)၊ | (စဉ်-၄၁၈၂၀/ |
| ရန်ကုန်တိုင်းဒေသကြီး။ | မဟာဗန္ဓုလပန်းခြံလမ်း၊ | ၂၇-၅-၂၀၁၃) |
| | ကျောက်တံတားမြို့နယ်၊ | |
| | ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၄၀၃၉၀ | |

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့၊ အမှတ်(၂) ကံသာရပ်ကွက်နေ ဦးမောင်မောင်နိုင် ၅/စကန(နိုင်)၁၃၇၃၂၁၊ ဒေါ်သန်းအေး ၅/စကန(နိုင်)၀၅၅၉၀၈ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏ သမီးဖြစ်သူ မရတနာအေးနိုင် ၉/မတရ(နိုင်) ၂၀၀၇၂၄ သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိသားစုစိတ်ဆင်းရဲစေသည့် ကိစ္စများကိုပြုလုပ်ခဲ့ပြီး မိဘများနှင့် အသက်(၂)နှစ်အရွယ် သမီးဖြစ်သူ မစိမ့်ရတနာနိုင်တို့အားစွန့်ပစ်ပြီး လွန်ခဲ့သော (၈)လခန့်မှစ၍ ၎င်း၏ကိုယ်ပိုင် သဘောဆန္ဒအတိုင်း နေအိမ်မှ ဆင်းသွားခဲ့ပါသည်။ ထိုသို့ ဆင်းသွားပြီးသည့်နောက်ပိုင်း မိဘများထံ တစ်စုံတစ်ရာဆက်သွယ် ဆောင်ရွက်ခြင်းမရှိတော့သည့်အတွက် ၎င်း၏ ပြုမူဆောင်ရွက်ချက်များသည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ မိဘမောင်နှမများနှင့် လုံးဝ(လုံးဝ) မသက်ဆိုင်ခြင်း မရှိတော့ပါ။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေများမှ မရတနာအေးနိုင်အား ယနေ့မှစ၍ သမီးအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းမည်မဟုတ်သည့်အပြင် မေးမြန်းစုံစမ်းခြင်းကိုလည်း လက်ခံမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်ခင်သီတာပြည့်(LL.B)၊ | ဒေါ်သန္တာစိုး(LL.B)၊ | ဒေါ်နန်းဆွေဇင်အောင်(LL.B) |
|---|---|---|
| (စဉ်-၁၃၅၈၈) | (စဉ်-၉၈၆၈) | (စဉ်-၁၃၉၁၆) |

**တရားလွှတ်တော်ရှေ့နေများ**
**၆၅ လမ်း x ၁၀၇(A)ထောင့်၊ မြို့သစ်(၂)ရပ်ကွက် ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

## ဆေးပဒေသာပင်လှူဒါန်းနိုင်

သာကေတမြို့နယ်၊ အောင်စကြာပရမေတ္တာစက္ခုဒါနဆေးရုံကြီး၌ အောင်စကြာဆရာတော်ဦးဆောင်၍ လူမျိုးဘာသာ ဆင်းရဲချမ်းသာမရွေး မျက်စိအခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိရာ မိမိတို့၏ အသက်ရှည်ရာ အနာကင်းကြောင်းကောင်းမှုဖြစ်သော(ဆေးပဒေသာပင်)တစ်ပင်လျှင် ကျပ်တစ်သိန်းဖြင့် ဆရာတော်နှင့်အတူ ကုသိုလ်ယူ ပါဝင် လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဖုန်း-၀၉-၅၁၄၇၃၈၂၊ ၀၁-၅၄၇၀၂၈

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅ ၊ နည်းဥပဒေ-၂၀)
## ပျဉ်းမနားခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄

| | | |
|---|---|---|
| ဟာနာအသေးစားငွေရေးကြေးရေးလုပ်ငန်း ကုမ္ပဏီလီမိတက်(ယင်းကုမ္ပဏီ၏ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ ရုံးခွဲမန်နေဂျာ ဒေါ်မြတ်မွန်ကျော်) | နှင့် | ဦးရန်နိုင်အောင် |
| **တရားလို** | | **တရားပြိုင်** |

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ ပေါင်းလောင်း(၃)၊ ချယ်ရီလမ်း၊ အမှတ်(၁၆/၁၄၈၀) ရပ်နေ ဦးရန်နိုင်အောင် (ဘ) ဦးကိုကိုနိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားပြိုင်အလွဲသုံးစားပြုလုပ်ခဲ့သော တရားလိုကုမ္ပဏီပိုင် ငွေ (၂၉,၀၀၀,၀၀၀ိ/-)တိတိ၊ ကုမ္ပဏီပိုင်ဆိုင်ကယ်၏ တန်ဖိုးငွေ (၁,၂၅၀,၀၀၀ိ/-)တိတိနှင့်တကွ အလွဲသုံးစားပြုလုပ်ခဲ့သည့် စုစုပေါင်းငွေ (၃၀,၂၅၀,၀၀၀ိ/-)တိတိအပေါ်တွင် ကုမ္ပဏီ၏ဆုံးရှုံးနစ်နာသည့် နစ်နာကြေး ငွေ (၂၃,၁၁၂,၁၈၀ိ/-)တိတိအပါအဝင် စုစုပေါင်းငွေ (၅၃,၃၆၂,၁၈၀ိ/-)တိတိ ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၅ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆုတ် ၁၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းနိုင်)**
**ခရိုင်တရားသူကြီး**
**ပျဉ်းမနားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ သုတ(၄)လမ်း၊ မြေကွက်အမှတ်(၁၂၃)၊ မြေအကျယ်အဝန်း အလျား(၃၈) ပေxအနံ(၆၀)ပေရှိ ဒေါ်နန်းဟွမ် ၁၃/တကန(နိုင်)၁၂၃၂၁၇ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်နန်းဟွမ်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သန်းဝင်း ၁၁/စတန(နိုင်)၀၅၆၅၃၇ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သီတာလွင် (LL.B, D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၈၀၆ / ၂၀၀၆)**
**အမှတ်-၉၊ ဆရာမကြီးလမ်း၊ ဆရာစံ(တောင်)ရပ်ကွက်၊ ဗဟန်းမြို့နယ်။**
**ဖုန်း-၀၉-၄၂၅၀၁၈၆၈၄**

## ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၉ ရပ်ကွက်၊ လမ်း ၄၀၊ အမှတ် ၁၄၁ (၆ လွှာ) ဟု ခေါ်တွင်သော အကျယ် ၂၆.၆' x ၅၀' ရှိ တိုက်ခန်းနှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းကို ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဒေါ်အေးနန္ဒာလှိုင် ၁၀/မလမ(နိုင်)၃၀၃၇၀၃ ထံမှ ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ညွှန်ကြားချက်အရ-**

| ဦးလှရွှေ | ဒေါ်မြသက်ဝင်း |
|---|---|
| စဉ်-၈၉၁၂ (၂၁-၃-၂၀၁၃) | စဉ်-၁၈၉၉၄ (၂၂-၁၂-၂၀၂၃) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၁၂၂ ၊ ပထမထပ်၊ အနော်ရထာလမ်း (ပန်းဆိုးတန်းလမ်းထောင့်)၊ ၄ ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၇၉၇၈၆**

## စာအုပ် စာပေ လူ့မိတ်ဆွေ

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## နေပြည်တော်အုတ်စက်ရုံ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင်၊ နေပြည်တော်အုတ်စက်ရုံတွင်အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ကျောက်မီးသွေး ၃,၀၀၀ တန်အား တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

| စဉ် | အမျိုးအစား | ဝယ်ယူမည့်တန် | ရေငွေ့ပါဝင်မှုနှုန်း | အပူဓာတ်ပေးသည့်နှုန်း |
|---|---|---|---|---|
| (က) | ကျောက်မီးသွေး | ၃,၀၀၀တန် | <၁၂% | 5000 K Cal/kg, 9000 Btu/Lb |

၂။ (က) **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁-၄-၂၀၂၄ ရက်
( ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၄ - ၄-၂၀၂၄ ရက်(၁၆ : ၀၀)နာရီ
( ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - နေပြည်တော်အုတ်စက်ရုံ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-
- နေပြည်တော်အုတ်စက်ရုံ၊ ပျဉ်းမနား - တောင်ညိုကားလမ်း၊ မိုင်တိုင် ၁၆/၄၊ မင်းကုန်းကျေးရွာအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
- ဆက်သွယ်ရန်ဖုန်း- ၀၉-၂၆၄၁၃၈၄၂၅၊ ၀၉-၇၆၀၁၅၅၇၂၉

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၉)၊ ကျော်သူလမ်း၊ မြေကွက်အမှတ်(၆၈၈)၊ မြေပေ အကျယ်ပေ(၄၁ x ၆၁)ရှိ မြေပေါ်တွင်ဆောက်လုပ်နေသော (၂)ခန်းတွဲ (၈ ၁/၂)ထပ် RC အဆောက်အအုံမှ ကန်ထရိုက်တာ ဦးနိုင်အောင်မိုး ၇/သနပ(နိုင်) ၀၀၀၁၁၆ အကျိုးခံစားခွင့်ရှိသည့် ဆဋ္ဌမထပ်(ဂလွှာ) အခန်းအကျယ်အဝန်းပေ(၁၇.၅ x ၅၂)၊ အမြင့်(၉)ပေရှိ တိုက်ခန်းတစ်ခန်းကို ကန်ထရိုက်တာက မိမိသာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သူဇာထွေး ၁၂/သဃက(နိုင်)၀၀၃၃၂၁ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက် အမှတ်(ဂဂ-၃)၊ ဦးပိုင်အမှတ်(၂၄)၊ ၅၈လမ်း၊ Bလမ်းနှင့် အနော်ရထာလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါက်တာတင်အုန်းထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ်(၁၆၇၃/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးရန်ကွဲအန်း ၁၃/လကန(နိုင်) ၀၀၄၄၀၆က တောဂရန်စာချုပ်နှင့် အတူ အမှုတွဲအမှတ် ၈၀၅၉/၂၀၂၃-၂၀၂၄ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက် အမှတ်(ဘဘ-၉)၊ ဦးပိုင်အမှတ်(၈၇)၊ ခတ္တာလမ်း၊ ၄၆x၄၇ လမ်းကြားရှိ ဦးရစ်ချက် အမည်ပေါက် တောဂရန်မြေကွက်အား ချမ်းမြသာစည်မြို့နယ်တရားရုံး၊တရားမကြီးမှုအမှတ် (၉၄/၂၀၂၂)တွင် ၁၄-၁၀-၂၀၂၂ရက်က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးရစ်ချက်ထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ် (၄၂၁၂/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးမောင်ကွမ်း(ခ)သုခ ၉/မနမ(နိုင်) ၁၂၂၈၅၆က တောဂရန်စာချုပ်နှင့် အတူ အမှုတွဲအမှတ် ၈၀၅၇/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/ သက်တမ်းတိုး/ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## မီးသတ်ပြု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအတွင်းရှိ ဇုန်(City Loft)၊ တိုက်အမှတ် (CL7)(A2)၊ အခန်းအမှတ်(၃၀၅)၊ Type (Studio)၊ Area (၃၁၂)Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ **ဦးတင်အောင်မြင့် (၁၂/ဗတထ(နိုင်)၀၁၂၆၇၈)** ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများ ရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာ ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဇော်စိုး ၇/ပခန(နိုင်)၂၁၄၆၀၀၊**
**ဒေါ်နုနုဝင်း ၁၂/တမန(နိုင်)၀၉၂၄၇၉**
**ဖုန်း-၀၉-၇၆၁၀၀၃၁၉၅၊ ၀၉-၇၉၉၅၁၅၈၂၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

